# ဝက်သားကင်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝက်သားကင်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝက်သားကင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၄ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၅ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၀ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၄၂ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၄၄ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၄၆ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုး ပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံ ရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


**ဩဂုတ်၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ဝက်သားကင်ကျေးရွာ**

**လောင်းလုံးမြို့နယ်**

## ဝက်သားကင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီအနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော တိုင်းဒေသကြီး တစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့နယ်သည် တနင်္သာရီတိုင်းဒေသကြီး၏ မြောက်ဘက်တွင် တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် ထိစပ်လျက်ရှိပါသည်။

ပထဝီအနေအထားအရဝက်သားကင်ကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် ခရိုင်၊ လောင်းလုံးမြို့နယ် ၊ကဒက်ကြီးကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာငယ် တစ်ခုဖြစ် ပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ကဒက်ကြီးကျေးရွာ၊ အနောက်ဘက်တွင် ကဒက်ငယ် ထိန်ကျေးရွာ၊ တောင်ဘက်တွင် ကျေးရွာပိုင်ဥယျာဉ်မြေ တောင်တန်းငယ်များနှင့် မြောက်ဘက်တွင် ဦးပိုင်လယ်မြေများဖြင့် နယ်နမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ဝက်သားကင်ကျေးရွာဟု ခေါ်ဆို ရခြင်းမှာ ကျေးရွာအနီးရှိ ရေကန်ဟောင်းတစ်ခုတွင် တောဝက်များ ရေချိုး၍ ဝက်ကန် ဟု အရင် ခေါ်ဆိုပြီး နောင်တွင် မြေစာရင်းဦးစီးဌာနမှ ကျေးရွာနယ်နိမိတ်သတ်မှတ်ရာတွင် စာလုံး ပေါင်း မှား၍ ဝက်သားကင်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ဒေသခံထားဝယ်တိုင်းရင်းသားများ အခေါ် အရ ဆိုလျှင်ဖြင့် ကဒက်ကြီးကွင်းကို ကိုယ်စားပြုသော ရပ်သီဟုခေါ်ပြီး နောင်တွင် ရသိမ်ဟုလည်း အများကသိ၍ ခေါ်ဆိုကြပါသည်။ ဝက်သားကင်ကျေးရွာသည် တောင်ကုန်းများနှင့် မြေပြန့်လွင်ပြင် ငယ်များဖြင့် ပေါင်းစပ်ထားသော ဒေသတစ်ခုဖြစ်ပါသည်။ ကျေးရွာ၏ ပုံသဏ္ဍာန်မှာ ရွာတန်းရှည် ပုံစံတည်ရှိပြီး ထားဝယ်မြို့မှ (၂၃)မိုင်အကွာအဝေးနှင့် လောင်းလုံးမြို့၏ တောင်ဘက်(၉)မိုင် အကွာ အဝေးတွင် တည်ရှိပါသည်။ ဝက်သားကင်ကျေးရွာသို့ ကျေးရွာ၏အရှေ့ဘက် ကဒက်ကြီး ကျေးရွာ နှင့် အနောက်ဘက် ရေဖြူကျေးရွာတို့မှလည်း ဝင်ရောက်နိုင်ပါသည်။ ရွာကို ဆက်သွယ်ထားသော လမ်းမှာ မြေသားလမ်း(၁)မိုင်နှင့် (၃)ဖာလုံရှိ၍ မိုးရာသီတွင် သွားလာရေး အခက်အခဲရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ် ဝက်သားကင်ကျေးရွာ၏၂၀၁၈ခုနှစ် အတွင်း မိုးရွာရက်ပေါင်း(၁၅၀) ရက်ခန့်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂)လက်မအထိ ဖြစ်ပါသည်။ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ( ၂၈ )ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ရာသီဥတုအနေဖြင့် မိုးများ၍ အပူပိုင်း မုတ်သုံရာသီဥတုကို ပိုင်ဆိုင်ထားသော ဒေသတစ်ခုဖြစ်ပါသည်။

ဝက်သားကင်ကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း တောင်တန်းများမှ ဆေးဖက်ဝင်အပင်များ၊ သစ်တောထွက်ပစ္စည်းများ၊ အခြား သစ်ပင်များနှင့် ကျေးရွာချောင်းငယ်မှ ရေချိုသဲများအား မိုးရာသီတွင် ထုတ်လုပ်နိုင်ပြီး တော တိရစ္ဆာန်များလည်း ရာဘာခြံများ ချဲ့ထွင်စိုက်ပျိုးမှုကြောင့် ယခင်ကထက် ရှားပါးလာ ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဝက်သားကင်ကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ သာရေး နာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး၊ ရွာ၏ ဘေးကင်း လုံခြုံရေးတို့အတွက် ရည်ရွယ်၍ အုပ်ချုပ်ရေးအဖွဲ့၊ဂေါပကအဖွဲ့ ၊ အပျို/လူပျိုအဖွဲ့၊ ဖွံ့ဖြိုးရေး အဖွဲ့၊မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုအဖွဲ့ စသည့်ဖြင့် အဖွဲ့များအားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီး ဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဝက်သားကင်ကျေးရွာ၏ **အဓိကသီးနှံမှာ လယ်ယာ(စပါး)နှင့် စိုက်ပျိုးရေးလုပ်ငန်း များ ဖြစ်ပါသည်။** စပါးကို (၁)ရာသီသာ စိုက်ပျိုးကြပါသည်။ **စပါးအထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် (၁)ဧကလျှင် တင်း (၅၀)လောက် ထွက်ရှိပါသည်။အနည်းဆုံး (၃၀) တင်းမှ အများဆုံး (၆၀) တင်းလောက် ရရှိကြပါသည်။ ချောင်းများ တိမ်ကော၍ လယ်မြေများ ရေကြီးရေလျှံမှုများကိုလည်း နှစ်စဉ်ကြုံတွေ့နေရပါသည်။ လယ်လုပ်ငန်းများကို နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် အချိန်ပြည့် လုပ်ကိုင်ကြပါသည်။ တော်သတင်း၊ သီတင်းကျွတ်ကာလများတွင် စပါးများကို ဓါတ်မြေဩဇာများ ကျွေးလေ့ရှိပြီး ထိုလများတွင် လဝက်လောက်သာ လုပ်ကိုင်ကြပါသည်။ တန်ဆောင်မုန်း၊ နတ်တော်လများတွင် စပါးရိတ်သိမ်းချိန်ဖြင့် အချိန်ပြည့် ပြန်လည်လုပ်ကိုင်ကြပါသည်။ စပါးရိတ်သိမ်းပြီး ကျန်သောလများတွင် ဟင်းရွက်ဟင်းရွက်ပင်များ (ကန်စွန်းပင်၊ မုန်လာပန်းပင်၊ ခရမ်းပင်၊ ခရမ်းချဉ်သီးပင်၊ ချဉ်ပေါင်ပင်၊ ငရုတ်ပင်၊ ပန်းပင်၊ ပဲသီးပင်) အစရှိသည့် အပင်များ အိမ်တိုင်နီးပါးလိုလို စိုက်ပျိုးလုပ်ကိုင်စားသောက်ကြပါသည်။**

### (ခ) မွေးမြူရေးလုပ်ငန်း

ဝက်သားကင်ကျေးရွာတွင် ကြက်၊ ဝက် နှင့် နွားစသည့် တိရစ္ဆာန်များကို မွေးမြူ ကြပါသည်။ ဝက်များကို အိမ်ခြံဝင်းထဲတွင် ခြံဝင်းခတ်၍ တစ်နှစ်ပတ်လုံး (၂)ကောင် မှ(၂၀) ကောင်အကြား စသည့်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူလေ့ရှိကြပြီး နွားများကိုမူ အနည်းဆုံး (၂)ကောင် မှ (၅)ကောင်အထိ အသက်မွေးဝမ်းကြောင်း အလေ့အထဖြင့် မွေးမြူကြပါသည်။ ကျေးရွာအတွင်း မွေးမြူရေးလုပ်ငန်းကို အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်း မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မွေးမြူကြခြင်းဖြစ်ပါသည်။

### (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာအတွင်း အခြားဝင်ငွေရ လုပ်ငန်းများအဖြစ် လက်သမား၊ ပန်းရံလုပ်ငန်း၊ အပ်ချုပ်စက်လုပ်ငန်း၊ ဈေးဆိုင်ရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ထမ်း၊ကျဘန်း စသည့်လုပ်ငန်းများကို

အသီးသီးလုပ်ကိုင်ကြပါသည်။အချို့မှာ နေ့စားကျဘန်းလုပ်သား များလည်း ရှိပါသည်။ ထို့နောက် စျေးဝယ်သူများက ဒေသမှ ထွက်ရှိသော ဟင်းသီးဟင်းရွက် ၊ သစ်သီးဝလံများကို ဝယ်ယူ၍ ကဒက်ကြီးစျေးနှင့် ထားဝယ်(ကမ်းနားစျေး)များတွင် တစ်ဖန်ပြန်လည်ရောင်းချ၍ အသက်မွေးဝမ်းကြောင်း ပြုရပါသည်။ အများအားဖြင့် လူငယ်များနှင့် လူကြီးများသည် မိုးရာသီတွင် လယ်များလုပ်ကိုင်ကြပြီး နွေရာသီတွင် ကျဘန်းနေစားများ၊ ပန်းရံ၊လက်သမား လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်အားခများမှာ အများဆုံး (၁၀၀၀၀)ကျပ်မှ အနည်းဆုံး (၅၀၀၀) ကျပ်လောက်ရရှိပြီး နေ့စားကျဘန်းလုပ်ငန်းဖြစ်သော တောခုတ်ရာတွင် အများဆုံး (၇၀၀၀) ကျပ်မှ အနည်းဆုံး(၆၀၀၀)ကျပ်လောက် ရရှိကြပြီး အသက်မွေးဝမ်းကြောင်းပြုရပါသည်။

### (ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဝက်သားကင်ကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေရှိပါသည်။ အတိုးနှုန်းမှာ (၇၅)ပြား ရရှိသောကြောင့် လယ်ယာလုပ်ကိုင်သူများအတွက် အတော်အဆင်ပြေပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားသောကျေးရွာလည်း ဖြစ်ပါသည်။ မြစိမ်းရောင်ချေးငွေ၏ အတိုးနှုန်းမှာ (၁%)သာဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်လိုသူများ၊ အရောင်းအဝယ်လုပ်ကိုင်လိုသူများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်လိုသူများ အတွက် အတိုးနှုန်းသက်သာစွာဖြင့် လုပ်ကိုင်ရသဖြင့် ကျေးရွာနေပြည်သူများအတွက် အဆင်ပြေလှပါသည်။ ထို့အပြင် ကျေးရွာရန်ပုံငွေ အဖွဲ့အစည်းများမှာ ချေးငွေများလည်း ရှိသောကြောင့် မိသားစုစားဝတ်နေရေးနှင့် ကိစ္စအဝဝအတွက် အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဝက်သားကင်ကျေးရွာ၏အဓိကလမ်းပန်းဆက်သွယ်ရေးမှာ ကုန်းလမ်းကြောင်းဖြစ်ပါသည်။ ထိုကျေးရွာသို့ ရွာ၏အရှေ့ဘက် ကဒက်ကြီးကျေးရွာမှ မြေသားလမ်းဖြင့် (၁)မိုင်(၃)ဖာလုံခန့်နှင့် ရွာ၏အနောက်ဘက် ရေဖြူ-ကဒက်ငယ်ထိန် ကျေးရွာချင်းဆက်လမ်းဖြင့် သွားလာနိုင်ပြီး ထိုလမ်းကြောင်း နှစ်လမ်းမှ လောင်းလုံးမြို့နှင့် ထားဝယ်မြို့သို့ သွားလာနိုင်ပါသည်။ ထိုလမ်းနှစ်လမ်းအနက်မှ ကဒက်ကြီးကျေးရွာမှ လာသော လမ်းအား အဆင့်မြှင့်တင်၍ ကျောက်ချောလမ်း (သို့) ကွန်ကရစ်လမ်း တိုးချဲ့ဆောင်ရွက်ပေးမှသာလျှင် ထိုကျေးရွာမှ ကဒက်ကြီးကျေးရွာ (အထက)ကျောင်းသို့ တက်နေရသော အလယ်တန်းနှင့် အထက်တန်း ကျောင်းသား/သူများ ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်သည့်အပြင် ကျေးလက်နေလူမှုစီးပွါးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှသော ထိုလမ်းအား ပြုပြင်ရန် လိုအပ်နေပါသည်။ရွာ၏အရှေ့ဘက်တွင် ကျေးရွာအဝင်တံတား(၃)စင်းရှိပါသည်။ ပထမ ကွန်ကရစ်တံတားသည် (၁၃×၁၂×၆)ပေ ဖြစ်ပြီးအရည်အသွေးမှာ ကောင်းပါသည်။ ဒုတိယရေပြွန်တံတားမှာ (၁၄×၇×၃)ပေဖြစ်ပြီး အရည်သွေးမှာ

အလွန်ညံ့နေပါသည်။ ထိုရေပြွန်အား မကြာသေးမီက ကျေးရွာမှ ပြန်လည်ပြုပြင်ပြီး သွားလာနေရပါသည်။ ကျန်ရေပြွန်တစ်စင်းမှာ (၁၃×၄×၃)ပေဖြစ်ပြီး အရည်အသွေးမှာ ကောင်းပါသည်။ ရွာအနောက်ဘက်က ဝင်သောလမ်းတွင် တံတား (၂)စင်းရှိပါသည်။ ပထမတစ်စင်းမှာ ရေပြွန်ဖြစ်ပြီး အတိုင်းအတာ(၂၄×၄×၃)ပေရှိ၍ အရည်အသွေးမှာ အလွန်ညံ့နေပါသည်။ ထိုရေပြွန်ကိုလည်း ကျေးရွာမှ ပြန်လည်ပြုပြင်ပြီးသွားလာနေရပါသည်။ ကျန်တံတားတစ်စင်းမှာ ကွန်ကရစ် တံတားဖြစ်၍ အတိုင်းအတာမှာ (၁၈×၁၅×၂၀)ပေရှိပါသည်။ ၎င်းတံတားကို မကြာသေးမီက နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောက်လုပ်ပေးထားပြီး အရည်အသွေးမှာ အလွန်ကောင်း ပါသည်။ ထို့ကြောင့် ဆိုးရွားနေသော ရေပြွန်တို့အား ကွန်ကရစ်ရေပြွန်အဖြစ် ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာနှင့် မြို့များသို့ သွားလာရန်အတွက် နှင့် ကျေးရွာထုတ်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင် ရာတွင်လည်း ထော်လာဂျီနှင့် ကား၊ ဆိုင်ကယ်များကို အဓိကထား၍ အသုံးပြု သွားလာနေကြရပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ဝက်သားကင်ကျေးရွာတွင် ကဒက်ကြီးကျေးရွာမှ ပေးနေသော ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးကို တစ်ယူနစ်လျှင် (၇၀၀)ကျပ်နှုန်းဖြင့် တစ်ရွာလုံးနီးပါး သုံးစွဲကြပါသည်။ ၂၀၁၅-၂၀၁၆ခုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာမီးလင်းရေးအိမ်ထောင်စုပေါင်း (၅၀)ယူနစ် ပံ့ပိုးဆောင်ရွက်ပေးထားသော်လည်း ကျေးရွာတစ်ရွာလုံး အနေဖြင့် လုံလောက်မှု မရှိသေးပါ။ ယခုလက်ရှိအချိန်တွင် ကျေးရွာအတွင်းသို့ မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးဦးစီးဌာနမှ အစိုးရမီးတိုင်များ၊ မီးကြိုးများ၊ Transformer (၁)လုံး တပ်ဆင်ပြီးဖြစ်သော်လည်း အစိုးရမီး ဖြန့်ဝေမှုများ မရရှိသေးပါ။ လျှပ်စစ်မီးရရှိပါကကျောင်းသား/သူများ၏ ပညာရေးအခြေအနေ များ တိုးတက်ကောင်းမွန်လာပြီး ကျေးရွာသူ/သားများအတွက်လည်း ကုန်ကျငွေများသက်သာလာနိုင်ပြီး အသေးစားစီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း စသည့် အထောက်အပံ့ များစွာ ပေးစွမ်းလာနိုင်မည်ဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဝက်သားကင်ကျေးရွာတွင် ဆက်သွယ်ရေးလိုင်းများ အားလုံး ကောင်းမွန်စွာ ရရှိပါသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီကြည့်ရှုနိုင်ပါသည်။ သတင်းစာ၊ ဂျာနယ် များကိုလည်း အနည်းအကျဉ်းရရှိပါသည်။ ကျေးရွာအတွင်းတွင် တစ်ရွာလုံးအချိန်မရွေး စာဖတ်နိုင်သည့် ကျေးရွာစာကြည့်တိုက်သီးသန့်မရှိသေးပါ။ ကျေးရွာစုရပ်တွင် ဗဟုသုတစာအုပ်များ ထားရှိပြီး ဖတ်ကြရပါသည်။ ထို့ကြောင့် ရွာသူ/သားများအားလုံး အသိပညာ ဗဟုသုတများ ကြွယ်ဝစေရန် ကျေးရွာစာကြည့်တိုက်တစ်ခု တည်ဆောက်ရန် လိုအပ်နေပါသည်။ သို့မှသာ ကျေးရွာသူ/သားများနှင့် ကလေးသူငယ်များ အချိန်မရွေး စာဖတ်နိုင်ပြီး ဗဟုသုတများရရှိကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## ၆။ ပညာရေး

ဝက်သားကင်ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းရှိပါသည်။ ယခုလက်ရှိတွင် စာသင်ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။အရင်က (၁)ဆောင်တည်းသာရှိပြီး ယခုလက်ရှိတွင် ရွာမှ ကိုယ်ထူကိုယ်ထဖြင့် ကျောင်းဆောင်(၁)ဆောင်ဆောက်လုပ်ထားပါသည်။သို့သော် ငွေကြေးမတတ်နိုင်သောကြောင့် အကြမ်းမျှသာ ပြီးပါသည်။ ယခု ၂၀၁၈ ပထမ(၆)လပတ်တွင် ပညာရေးဌာနက အမိုးသွပ် လှဲလှယ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသောကြောင့် အမိုးကို ဆောင်ရွက်ပြီးဖြစ်ပါသည်။ ထို့နောက် ကျောင်းအား အချောသတ်၍ ဆေးသုတ်ရန်လိုအပ်နေပါသည်။ ကျောင်း၏ ဧရိယာမှာ (၆၀×၃၀)ပေရှိပါသည်။ ထိုကျောင်းတွင် တတိယတန်းနှင့် စတုတ္ထတန်းတို့ ပညာသင်ကြားကြပါသည်။ ကျောင်းဟောင်း၏ဧရိယာမှာ (၅၆×၂၄)ပေ ရှိသော တစ်ထပ်တိုက် ပုံစံဖြစ်ပါသည်။ကျောင်းတွင် ဆရာမ (၅) ဦးနှင့် အထွေထွေလုပ်သား(၁)ဦး စုစုပေါင်း (၆)ဦးရှိပါသည်။ ကျောင်းသား/သူများမှာ ကျား(၃၀) ဦးနှင့် မ(၃၂)ဦးစုစုပေါင်း(၆၂)ဦးရှိပါသည်။ ကျောင်းသားကျောင်းသူနှင့် ဆရာမအချိုးမှာ လုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂနှင့် ကျောင်းအားကစားပစ္စည်းများလည်း လုံလုံလောက်လောက်ရှိပါသည်။ ယခုကျောင်း၏အရှေ့မျက်နှာတွင် အုတ်နံရံဖြင့် ခြံစည်းရိုးခတ်ထားပါသည်။ သို့သော် ကျောင်း၏နံဘေးပတ်လည်နှင့် အနောက်ဘက်တွင် ခြံစည်းရိုးများမရှိပါ။ ခြံစည်းရိုးမရှိသောကြောင့် နွားများနှင့် အခြားသော တိရစ္ဆာန်များဝင်ခြင်းကို စိုးရိမ်နေရပါသည်။ ထို့ကြောင့် ခြံစည်းရိုး(၃)ပတ်လည်(၄၃၈×၆)ပေအား ခြံခတ်ရန်လိုအပ်ပါသည်။ကျောင်းအိမ်သာများမှာ လေးခန်းတွဲအိမ်သာ(၁)လုံးရှိပါသည်။ (၂)ခန်းမှာ ဆရာ/မများအတွက် နှင့်ကျန်(၂)ခန်းမှာ ကျောင်းသား/သူများအတွက် ဖြစ်ပြီး သန့်ရှင်းမှုလည်းရှိပါသည်။ **ကျေးရွာ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့သည် တောင်ကုန်းပိုင်းတွင်ရှိပြီး မြေအောက်လွှာထဲတွင် ကျောက်များခံနေသောကြောင့် ရေတွင်း၊ စက်ရေတွင်းများတူးရန် အဆင်မပြေမှုများ ရှိပါသည်။ သောက်သုံးရေအတွက် ကျေးရွာထဲတွင် သွားရောက် အသုံးပြုနေကြရပါသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေအတွက် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်က ကွန်ကရစ်ရေကန်(၄၀×၂၀×၆)ပေရှိသော ရေကန်ကို ရသိမ့်ဘုန်းကြီး ကျောင်းဝင်းထဲတွင် ဆောက်လုပ်ပေးထားပါသည်။ ထိုရေကန်မှ ကျေးရွာဘုန်းကြီးကျောင်းနှင့် ကျေးရွာမူလတန်းစာသင်ကျောင်းမှ ပိုက်ဖြင့် သွယ်ယူသုံးစွဲနေကြပြီး နွေရာသီကိုပင် သောက်သုံးရေရရှိမှုအတွက် အခက်အခဲများ မရှိတော့ပါ။** ရွာထဲတွင် ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် ရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော မူကြိုကျောင်း (၁)ကျောင်းရှိပြီး ဧရိယာမှာ (၃၀×၁၅)ပေရှိပါသည်။ သို့သော် ကျောင်းမှာ ဓနိမိုး ၊ပိုက်ကာတို့ဖြင့်သာ ဆောက်လုပ်ထားသောကြောင့် မိုးရာသီကာလများတွင် ကလေးများအတွက် လုံခြုံမှုမရှိဘဲ စာသင်ကြားနေရပါသည်။ သွပ်မိုး၊ အုတ်ကာဖြင့် တည်ဆောက်ပေးနိုင်လျှင် မူကြိုကျောင်းသား/သူများ စိတ်အေးချမ်းသာစွာဖြင့် စာများကိုသင်ယူလေ့လာနိုင်မည်ဖြစ်ပေသည်။ မူကြိုကျောင်းသားဦးရေမှာ(၂၃)ဦးရှိပါသည်။ ကျေးရွာအတွင်းတွင် စာသင်ကျောင်းနှင့် မူကြိုကျောင်းများလည်း ရှိသောကြောင့် ကလေးငယ်များ အဝေးသို့မသွားရဘဲ ရွာထဲတွင်သာ သင်ကြားရသောကြောင့်

အဆင်ပြေလုပါသည်။ ကဒက်ကြီးကျေးရွာတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းရှိသောကြောင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပညာရေးအား ကျေးရွာမှ (၁၂၀၀)ပေခန့်လောက်ဝေးသော ထိုကျေးရွာကို စက်ဘီးဖြင့် သွားရောက်ပညာသင်ကြားကြရပါသည့်အတွက်ပညာရေးသင်ကြားရာတွင် အခက်အခဲများမရှိပါ။ သို့သော် သွားလာရေးအတွက် မိုးရာသီ ကာလများတွင် ရေမြောင်းများ တိမ်ကောပြီး လမ်းများပေါ်တွင်ရေကျော်ခြင်းတို့ကြောင့် ဗွက်အိုင်များထကာ ကျောင်းသား/သူများသွားရေးလာရေးအတွက် အခက်အခဲများစွာရှိပါသည်။ ထို့ကြောင့်ကျေးရွာချင်းဆက်လမ်းကို မြေဖို့တင်ပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် လိုက်လျှင်ကျောင်းသား/ သူများ သွားရေးလာရေးအတွက် အလွန်အဆင်ပြေလာမည်ဖြစ်ပါသည်။ ထို့နောက်စားဝတ်နေရေးအဆင်မပြေသော အိမ်ထောင်စုတွင် ကလေးများသည် မူလတန်းပညာအဆင့်နှင့်အလယ်တန်းပညာအဆင့်ကိုသာ သင်ယူကြရသောကြောင့် ဘွဲ့ရပညာတတ်များ ကျေးရွာအတွင်းတွင် နည်းပါးနေပါသေးသည်။ ထိုကျောင်းထွက်သော ကလေးများသည် မိဘ၏အလုပ်အကိုင်များဖြစ်သော လယ်ယာလုပ်ငန်း၊ စိုက်ခင်းများကို ကူလုပ်ပေးခြင်း၊ ပန်းရံလုပ်ငန်းလုပ်ကိုင်ခြင်း၊အိမ်အလုပ်ဝိုင်းကူခြင်း၊ ဈေးရောင်းခြင်းနှင့် အချို့က ထိုင်းနိုင်ငံများသို့သွားကာ အလုပ်လုပ်ကိုင်နေကြပါသည်။ ဝက်သားကင်ကျေးရွာ၏ ပညာရေးအခြေအနေသုံးသပ်ရာတွင် ကျောင်းနေရွယ်ကလေးများသည် မူလတန်းနှင့် အလယ်တန်းပညာရေးတို့တွင် အများဆုံးတက်ရောက်နိုင်ကြပြီးအထက်တန်းအဆင့်ပညာရေးကိုမူ စီးပွါးရေးခက်ခဲခြင်း၊ မိုးရာသီကာလတွင် လမ်းပန်း ဆက်သွယ်ရေး မကောင်းခြင်းတို့ကြောင့် ကျောင်းထွက်ကလေးများ များနေခြင်း ဖြစ်ပါသည်။ လက်ရှိပညာရေးအခြေအနေကိုသုံးသပ်ရာတွင် ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးအခြေအနေမှာ ခက်ခဲနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ကျောင်းနေရွယ်ကလေးများ ကျောင်းနေရအောင်ပညာရေးဟောပြောပွဲများ ပြုလုပ်ပေးရန်၊ မိဘများအား ကလေးများကို ဘွဲ့ရပညာတတ်များ ဖြစ်လာအောင် ထားနိုင်ရန် ဆွေးနွေးပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်ဟု လေ့လာတွေ့ရှိရပါသည်။

**၇။ ကျန်းမာရေး**

ဝက်သားကင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်လာလျှင် ရွာအရှေ့ဘက် ကဒက်ကြီးကျေးရွာတွင် ကျေးလက်သားဖွားဆရာမ(၁)ဦးထံတွင် သွားရောက်ပြသကြပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း ကျန်းမာရေး စောက်ရှောက်မှုများအတွက် အချိန်မရွေးမရရှိနိုင်ပါ။ ရောဂါပြင်းထန်လာလျှင်/ အရေးပေါ်အခြေအနေကြုံလာလျှင်ရေဖြူကျန်းမာရေးဌာန၊လောင်းလုံးမြို့နယ်ဆေးရုံ၊ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ဆေးကုသမှုခံယူရပါသည်။ ဝက်သားကင်ကျေးရွာအတွင်းတွင် အဓိကဖြစ်သော ရောဂါများမှာ ရာသီအလိုက် ဖြစ်တတ်သော သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ အအေးမိ၊ နှာစေး၊အရေပြားရောဂါများ စသည်တို့ဖြစ်တတ်ပါသည်။ ရာသီအလိုက်မဟုတ်သော ရောဂါများမှာသွေးတိုး၊သွေးကျ၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါ၊ ဒူးနာ/ခါးနာ/မျက်စိမှုန် စသည့်ရောဂါများအနည်းအကျဉ်း ဖြစ်ပွားမှုရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားသောရောဂါများအနက် သွေးလွန်တုတ်ကွေး ရောဂါသည် အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ အအေးမိ/နှာစေးရောဂါများ

ဖြစ်ကြောင်းတွေ့ရှိရပါသည်။ သွေးလွန်တုတ်ကွေးသည် ကလေးများတွင် အများဆုံးဖြစ်ပြီး အအေးမိ/နှာစေးရောဂါသည် ကလေး၊လူကြီးမရွေးဖြစ်လေ့ဖြစ်ထရှိပါသည်၊ ကျေးရွာအခြေအနေအရ ထိခိုက်ဆုံးရောဂါမှာ သွေးလွန်တုတ်ကွေးသည် ဝါဆို၊ ဝါခေါင် မိုးဦးကျရာသီများတွင် ဖြစ်လေ့ရှိပြီး ဝမ်းပျက်ဝမ်းလျှောရောဂါသည် တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ စသောရေရှားသော ရာသီများတွင် ဖြစ်လေ့ဖြစ်ထရှိပါသည်။ ငှက်ဖျားရောဂါသည် လွန်ခဲ့သော (၂၀၁၅-၂၀၁၆)ခုနှစ်လောက်က (၁)ယောက် (၂)ယောက်လောက်သာ ဖြစ်ခဲ့ဖူးပါသည်။ အရေပြားရောဂါသည် ပူးပြင်းသော တပေါင်း၊ တန်ခူးလများတွင်သာ ဖြစ်လေ့ရှိပါသည်။ ရာသီအလိုက်မဟုတ်သော ရောဂါများတွင် သွေးတိုး/ သွေးကျရောဂါသည် အဖြစ်များဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ ဒူးနာ/ခါးနာ/ မျက်စိမှုန် ရောဂါများဖြစ်ကြသည်။ ရာသီအလိုက်မဟုတ်သော ရောဂါအများစုသည် လူကြီးများတွင် အဖြစ်များပြီး အဆုတ်ရောဂါ(အသက်ရှုလမ်းကြောင်း၊ ရင်ကြပ်)စသည့်ရောဂါများသည် ထိခိုက်မှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းတွင် အချိန်ပြည့် ကျန်းမာရေး စောက်ရှောက်မှုများသာ ရရှိလာလျှင် ကျေးရွာရှိ အိမ်ထောင်စုများ ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်လာနိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင် လက်ရှိအခြေအနေမှာ လက်တူးတွင်းများမှရေကိုသာ အဓိကအသုံးပြုနေကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေရရှိရေး လုပ်ငန်းအနေဖြင့် ရေတွင်း(၁)တွင်းဖြင့် ကွန်ကရစ်ရေလှောင်ကန်(၁)ကန်ကို ပံ့ပိုးပေးထားပြီး ထိုရေပေးရေးလုပ်ငန်းဖြင့် မူလတန်းကျောင်းနှင့် ကျေးရွာဘုန်းကြီးကျောင်းတို့တွင် ရေပိုက် သွယ်တန်း၍ ရေပေးဝေထားပါသည်။ သဘာဝအနေ အထားအရ ထိုကျေးရွာတွင် အနီးအနားရှိ တောတောင်မှ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း လုပ်ကိုင်မှုကိုလည်း ဖော်ထုတ်ပေးနိုင်လျှင် ပိုမိုအဆင်ပြေလာမည်ဟု လေ့လာသိရှိရပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ဝက်သားကင်ကျေးရွာတွင် မိုးရာသီ၌ ရေကြီးခြင်းဖြင့် အနည်းငယ်ထိခိုက်မှုရှိပါသည်။ ရေကြီးမိုးများခြင်းကြောင့် ၁၉၉၇ခုနှစ်က တောင်ပြိုခြင်း သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး လူဦးရေ/အိမ်ထောင်စုများ ထိခိုက်ခြင်းမရှိသောလည်း လယ်မြေဧက(၅၀) လယ်လုပ်၍ မရအောင် ပျက်စီးထိခိုက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထို့ကြောင့် မိုးရာသီတွင် ရေကြီးခြင်းများ တစ်ခါတစ်လေဖြစ်သောကြောင့် လယ်ယာလုပ်ငန်းခွင်တွင် ပျိုးကျဲထားသော ပျိုးပင်များလည်း ရေမြုပ်တတ်ပါသည်။ ထို့ကြောင့် ကျေးရွာ၏ ဘေးတွင် စီးဆင်းနေသော ရေချောင်းအား ပြန်လည် တူးဖော်ခြင်းလုပ်ငန်းနှင့် ကျေးရွာအား ရေစီးနံရံကာခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့ပြင် မိုးရာသီတွင် မိုးလေဝသ သတင်းအချက်အလက်ကို ရေဒီယို၊ တီဗီတို့မှ တစ်ဆင့်ရယူပြီး ရေကြီးရေလျှံခြင်းနှင့် တောင်ပြိုခြင်းအား သဘာဝကာကွယ်ရေးအစီအစဉ်များရေးဆွဲရန်လည်း လိုအပ်ပါသည်။ ကျေးရွာအတွင်းတွင်လည်း ရေကြီးရေလျှံမှုများမရှိစေရေးအတွက် တစ်ရွာလုံး ရေမြောင်းတူးဖော်ရန် လိုအပ်နေပါသည်။**

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရပ်ရေးရွာရေးအုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများဦးဆောင်ပြီး အမျိုးသမီးများ ပါဝင်မှုမရှိပါ။ သို့သော်လည်း အုပ်ချုပ်မှု စီမံခန့်ခွဲရာတွင် ပိုမိုသေချာမှုရှိစေရေးအတွက် ရပ်မိရပ်ဖအဖွဲ့များတွင် အမျိုးသမီးများပါဝင်ဖွဲ့စည်းထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆိုင်သောအဖွဲ့အစည်းများတွင် အမျိုးသားများပါဝင်သကဲ့သို့ အမျိုးသမီးများ၏ပါဝင်မှုလည်း အလွန် အားကောင်းပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ စီးပွါးရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးအများဆုံးပါဝင်ပါသည်။ အလုပ်လုပ်နိုင်သော ဦးရေမှာ အမျိုးသားများထက် အမျိုးသမီးများက အနည်းငယ်များပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာတွင် မိန်းမပျို/ အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကဒက်ကြီး | | | ကျေးရွာအမည် - ဝက်သားကင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၂၇၀၀×၂၄×၆) ပေ | ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေး နှစ်တွင် ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်မည် |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျေးရွာစာသင်ကျောင်း တံခါးပေါက်တပ်ဆင်ခြင်း၊ အချောကိုင်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်း (၆၀×၄၀)ပေ | ဆောင်ရွက်ပြီး |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | ကျောင်းခြံစည်းရိုး ကာရံရန်လိုအပ်ခြင်း(  ၄၃၈×၆ )ပေ | ဒုတိယဦးစားပေး |
| ၄ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ( ဆိုင်ကယ်ပြင်၊ ကွန်ပျူတာ) သင်တန်းများ လိုအပ်ခြင်း | |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်း Box Culvert (၂)စင်း ပြန်လည်တည်ဆောက်ရန်လိုအပ်ခြင်း | တတိယဦးစားပေး |
| ၆ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ချောင်းများ၊ မြောင်းများ တူးဖော်ရန်လိုအပ်ခြင်း | |
| ၇ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းသွယ်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၀၀၀ ’×၁၂ ’×၆”) | ပထမဦးစားပေး |

# အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်

နောက်ဆက်တွဲ (၁)

## ဝက်သားကင်ကျေးရွာ၊ ကဒက်ကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှအောင် | ဦးသိန်းညွန့် | ၆/လလန(နိုင်) ၀၁၇၃၅၄ | ၅၆ | ဥက္ကဋ္ဌ | ၀၉-၄၂၆၈၆၁၄၀၄ |
| ၂ | မသူဇာအေး | ဦးအောင်ဆန်း | ၆/လလန(နိုင်) ၁၃၇၁၅၀ | ၂၀ | အတွင်းရေးမှူး | ၀၉-၂၅၀၉၄၇၇၇၀ |
| ၃ | ဦးမြင့်ထွေး | ဦးချစ်ရွှေ | ၆/လလန(နိုင်) ၁၀၆၈၇၈ | ၃၂ | ဘဏ္ဍာရေးမှူး | မရှိ |
| ၄ | ဦးစိုးသက်အောင် | ဦးသန်းမြင့် | ၆/လလန(နိုင်) ၀၈၉၀၇၇ | ၃၅ | စာရင်းကိုင်-၁ | ၀၉-၄၂၂၂၂၀၅၁၀ |
| ၅ | မဖြူဖြူခိုင် | ဦးချစ်သီး | ၆/လလန(နိုင်) ၁၂၄၅၃၀ | ၂၃ | စာရင်းကိုင်-၂ | မရှိ |
| ၆ | ဦးဟန်သိန်း | ဦးထွေးကြည် | ၆/လလန(နိုင်) ၀၉၈၈၅၀ | ၃၃ | စာရင်းစစ် | ၀၉-၄၀၂၄၄၇၀၅၆ |
| ၇ | ဒေါ်စန်းရွှေ | ဦးဉာဏ်စီ | ၆/လလန(နိုင်) ၀၅၀၅၀၉ | ၄၇ | အဖွဲ့ဝင် | ၀၉-၂၅၂၀၀၅၄၀၉ |
| ၈ | ဒေါ်နှင်းမူ | ဦးသန်းရွှေ | ၆/လလန(နိုင်) ၁၀၅၅၈၀ | ၄၁ | အဖွဲ့ဝင် | ၀၉-၄၂၆၀၀၁၄၃၄ |
| ၉ | ဒေါ်ထွေးစိန် | ဦးထွန်းချီ | ၆/လလန(နိုင်) ၀၃၉၇၅၁ | ၅၅ | အဖွဲ့ဝင် | ၀၉-၄၂၂၂၀၂၄၁၉ |
| ၁၀ | ဒေါ်တင်နွဲ့ | ဦးချစ်ရွှေ | ၆/လလန(နိုင်) ၀၆၅၁၂၄ | ၄၃ | အဖွဲ့ဝင် | မရှိ |
| ၁၁ | ဒေါ်မိုးစံ | ဦးထွန်းလင်း | ၆/လလန(နိုင်) ၀၅၀၅၃၁ | ၆၁ | အဖွဲ့ဝင် | ၀၉-၂၆၀၆၈၈၇၀၇ |
| ၁၂ | ဦးဟန်စိုး | ဦးထွေးကြည် | ၆/လလန(နိုင်) ၀၃၉၇၇၄ | ၄၇ | အဖွဲ့ဝင် | ၀၉-၄၅၃၂၄၈၀၈၁ |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၂ | ၂၅ | ၄၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၉ | ၅၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၃၅ | ၅၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၆ | ၂၄၄ | ၂၇၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၃၀ | ၅၀ |
| စုစုပေါင်း | | ၃၁၉ | ၃၆၇ | ၆၈၆ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၇ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် (၁)နှစ်အောက်ကလေးများမှာ ကျား(၃)နှင့် မ(၄)ဦးသာ ရှိပါသည်။ (၁)နှစ်အောက်နည်းရခြင်းမှာ အပျိုကြီး/လူပျိုကြီးများခြင်း၊ အိမ်ထောင်ရှင်များ တားဆီးမှုများခြင်း၊ မိဘများစားဝတ်နေရေးမပြေလည်ခြင်းတို့ကြောင့်ဟု ထင်ရပါသည်။ (၅)နှစ်အောက်ကလေးများမှာ ကျား(၂၂)ဦးနှင့် မ(၂၅)ဦးရှိပါသည်။ ကျေးရွာအတွင်းတွင် မူကြို ကျောင်းဆောက်လုပ်ပေး ထားသောကြောင့် မူကြိုပညာရေးကို ကလေးငယ်များ သင်ကြားခွင့် ရရှိသည့် အတွက် အဆင်ပြေပါသည်။ (၅)နှစ်မှ (၉)နှစ်အထိကလေးများမှာ မူလတန်းပညာရေး နှင့် အလယ်တန်းအဆင့် ပညာရေးတွင် အခြေအနေကောင်းပါသည်။ အထက်တန်းအဆင့်ပညာရေး အခြေနေမှာ အားနည်းနေကြောင်း တွေ့ရပါသည်။ အထက်တန်းပညာရေးခက်ခဲရခြင်းမှာ ငွေကြေးအဆင်မပြေမှု၊ ပညာရေးအသိပညာ နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။ (၁၅)နှစ်မှ (၆၄)နှစ် အထိ လူဦးရေမှာအများဆုံးဖြစ်ပြီး ထိုသူများသည် အလုပ်လုပ်နိုင်သူများဖြစ်ပါသည်။ (၆၅)နှစ်အထက် သက်ကြီးရွယ်အို အိမ်ထောင်စုမှာ အနည်းငယ်ရှိပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၈၃ | သင့် | ရ | မြေအောက်ရေ |
| ယာမြေ | ၁၄ | သင့် | အနည်းအကျဉ်း | မြေအောက်ရေ |
| ဥယျာဉ်ခြံမြေ | ၂၀၄ | သင့် | အနည်းအကျဉ်း | မြေအောက်ရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့် စမ်း စသည်) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၄၀၅ | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် လယ်မြေ(၁၈၃)ဧကခန့် ရှိပါသည်။ မြေဆီ ဩဇာအခြေအနေမှာ ချောင်းများနှင့်နီးသော လယ်ကွင်းများတွင် ရေငန်ဝင်ခြင်း၊ ရေကြီးခြင်း တို့ကြောင့် စပါးများအောင်မြင်ဖြစ်ထွန်းမှု နည်းပါးပါသည်။ ဆည်မြောင်းတာတမံများ မရှိသည့်အတွက် တစ်ရာသီသာ စိုက်ပျိုးကြပြီး မြေအောက်ရေကိုသာ အဓိကအသုံးပြုကြပါသည်။ ယခင်က တောင်ပြိုထားသည့်အတွက် လယ်ယာမြေများပေါ်တွင် သဲများ ဖုံးလွှမ်းကာ စပါး စိုက်ပျိုး၍ မရဘဲ မြေကွက်လပ်သာ ဖြစ်နေသောနေရာများလည်း ရှိပါသည်။ ထို့ကြောင့် တိမ်ကောနေသော ချောင်းများကိုသာ ဖောက်လုပ်လိုက်လျှင် လယ်ယာမြေများ စပါးစိုက်ပျိုးရန် အလွန်အဆင်ပြေလာမည်ဖြစ်ပါသည်။ ဝက်သားကင်ကျေးရွာသည် တောင်များနှင့် ပတ်လည်ဝိုင်း နေသော ကျေးရွာဖြစ်သောကြောင့် တောင်ယာပေါ်တွင် သီးနှံစိုက်ပျိုးကြပါသည်။ တောင်ယာ စိုက်ပျိုးဧကမှာ (၁၄)ဧကရှိပါသည်။ များသောအားဖြင့် မိုးရာသီကာလတွင်ပို၍ စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေမှာ(၁၉၈) ဧကခန့်၊ ဓနိတောမြေမှာ (၆)ဧကနှင့် မြေလွတ်မြေလပ်မှာ (၄)ဧကခန့် လောက်ရှိပြီး မြေဆီဩဇာ အရည်အသွေးမှာ အလယ်အလတ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို တစ်ရွာလုံးနီးပါးစိုက်ပျိုးကြပါသည်။ နွေရာသီနှင့် ဆောင်းရာသီတို့တွင် ရာသီပေါ်သီးနှံများ အများ အပြားစိုက်ပျိုးကြပါသည်။

(၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| အပင်မျိုးစိတ်များ<br>(လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်၊ ။ဝက်သားကင်ကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ ကာဗွန် (ဓါတ်ငွေ့/ရေနံ) မှာ ထွက်ရှိမှုများ မရှိပါ။ သို့သော်လည်း တောင်တန်းများရှိသောကြောင့် ဆေးဖက်ဝင်အပင်များ ၊ သစ်တောထွက်ပစ္စည်းများ၊ အခြားသစ်ပင်များ အနည်းငယ်ရရှိပါသည်။ ထို့နောက် ကျေးရွာ၏ အနောက်ဘက် ချောင်းငယ်မှ ရေချိုသဲများကို မိုးရာသီနှင့် ဆောင်းရာသီတို့တွင် ထုတ်လုပ်နိုင်ပြီး တောရိုင်းတိရစ္ဆာများမှာလည်း ရာဘာခြံချဲ့ထွင်စိုက်ပျိုးမှုကြောင့် ယခင်ကထက် ရှားပါးလာပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | အဖွဲ့အစည်းစွမ်းဆောင်ရည် အလွန် ကောင်းမွန်ပါသည်။ |
| ၂ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃✓ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့အစည်းစွမ်းဆောင်ရည် ကောင်းမွန်ပါသည်။ |
| ၃ | ဖွံ့ဖြိုးရေး အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် ကောင်းမွန်ပါသည်။ |
| ၄ | အပျို/လူပျို အဖွဲ့ | ၁☐ ၂✓ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စွမ်းဆောင်ရည် ကောင်းမွန်ပါသည်။ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။
အုပ်စုအမျိုးအစား
(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (၄)ဖွဲ့ရှိပါသည်။ ရာအိမ်မှူး၊ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ ဖွံ့ဖြိုးရေးအဖွဲ့ဟူ၍ ရှိပါသည်။ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖအဖွဲ့တို့သည် ကျေးရွာအုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် အဖွဲ့အစည်း တစ်ဖွဲ့လုံး စည်းလုံးညီညွတ်မှုရှိကြပြီး ရပ်ရေးရွာရေးသာယာလှပမှုပိုင်းတွင် အားကောင်းလျက် ရှိပါသည်။ ဂေါပကအဖွဲ့သည်လည်း အဖွဲ့အစည်းအားကောင်းပြီး ဘုန်းကြီးကျောင်း၏ ကိစ္စအဝဝ နှင့်လိုအပ်ချက်များအတွက်လည်း အလွန်ဖြည့်ဆည်းဆောင် ရွက်ပေးသော အဖွဲ့လည်းဖြစ်ပါသည်။ အပျို/လူပျိုအဖွဲ့သည်လည်း ကျေးရွာရှိ သာရေးနာရေး၊ အလှူကိစ္စမှန်သမျှ အားလုံးတိုင်ပင် ဆွေးနွေးပြီး ကျေးရွာသာယာ လှပရေးအတွက်လည်း ရပ်မိရပ်ဖများနှင့် တိုင်ပင်ကာ ဆောင်ရွက် လျက် ရှိပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့လည်းရှိပြီး ထိုအဖွဲ့သည် ကျေးရွာရှိ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်လာရေးအတွက် စည်းလုံးညီညွတ်မှု အားကောင်းစွာဖြင့် ဆောင်ရွက်ပေး လျက်ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၈ကေမှ ၁၀ကေကြား | ၅ကေမှ ၈ကေအကြား | ၁ကေမှ ၅ကေအကြား | မရှိ |
| အိမ်အခြေအနေ | တိုက်၂ထပ်၊ အုတ်ကာ၊ပျဉ်ကာ သွပ်မိုး၊ဓနိမိုး | ၁ထပ်တိုက်၊တိုက်တစ်ပိုင်းအိမ်တစ်ပိုင်း၊အုတ်ကာ၊ ပျဉ်ကာ၊ဓနိမိုး | ပျဉ်ထောင်အိမ်၊ ပျဉ်ကာ၊ဓနိမိုး၊ | ဝါးအိမ်၊ဓနိမိုး၊ ထရံကာ၊ဓနိကာ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်၊ ထော်လာဂျီ | ဆိုင်ကယ်၊စက်ဘီး | ဆိုင်ကယ်၊စက်ဘီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ်၊လက်သမား | လက်သမား၊ ကျဘန်း | ကျဘန်း |
| အိမ်ထောင်စု | ၃၀ | ၆၀ | ၂၇ | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၁၀)အိမ်ခန့်သည် ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ ထိုအိမ်ထောင်စုများတွင် အိမ်ယာမြေမျှသာပိုင်ဆိုင်ပြီး စိုက်ပျိုးမြေနေရာများပိုင်ဆိုင်မှုမရှိကြပါ။ အိမ်အခြေအနေမှာ ဝါးအိမ်၊ဓနိမိုး၊ထရံကာ၊ ဓနိကာ တို့ဖြင့်သာ ဆောက်လုပ်ထားပါသည်။ အဆင်ပြေသောအိမ်ထောင်စုတွင် လယ်မြေ(၈-၁၀)ဧက အကြား ပိုင်ဆိုင်သူများဖြစ်ကြပြီး ကား(၁)စီး(သို့) ထော်လာဂျီ(၁)စီးနှင့် ဆိုင်ကယ်(၂)စီးတို့ ပိုင်ဆိုင်ကြပြီး၊အိမ်အခြေအနေမှာ (၂)ထပ်တိုက်၊အုတ်ကာ၊ပျဉ်ကာ၊ သွပ်မိုးနှင့်ဓနိမိုးများဖြစ်ကြ၍ အချို့မှာ စိုက်ပျိုးရေးခြံများ စိုက်ပျိုးကာ အသက်မွေးမြူကြပါသည်။ အလယ်အလတ် အိမ်ထောင်စုမှာ(၆၀)အိမ်ခန့်သာရှိပြီး မြေယာပိုင်ဆိုင်မှုမှာ (၅)ဧကမှ (၈)ဧကအကြားနှင့် ဆိုင်ကယ် (၁)စီး၊ ထော်လာဂျီ(၁)စီး၊ စက်ဘီး(၁)စီးတို့ ပိုင်ဆိုင်ပြီး အဓိကစီးပွါးရေးလုပ်ငန်းများမှာ လယ်လုပ်ငန်း နှင့် ပန်းရံလုပ်ငန်းတို့ အသီးသီး လုပ်ကိုင်ကြပါသည်။ အိမ်အခြေအနေမှာ (၁)ထပ်တိုက်နှင့် တိုက်တစ်ပိုင်းအိမ်တစ်ပိုင်း၊ အုတ်ကာ၊ ပျဉ်ကာ၊ ဓနိမိုးတို့ဖြင့် ဆောက်လုပ်ထားကြပါသည်။ မိသားစုအချို့မှာ ရာသီပေါ်သီးနှံများ စိုက်ပျိုးကြ၍ တစ်ပိုင်တစ်နိုင်အိမ်ဆိုင်ငယ်လေး များလည်း ဖွင့်လှစ်ရောင်းချသူများဖြစ်ကြပါသည်။ ဝင်ငွေနည်းသော အိမ်ထောင်စုများမှာ (၂၇)အိမ်ခန့်ရှိပြီး ဆိုင်ကယ် (၁)စီး နှင့် စက်ဘီးများ ပိုင်ဆိုင်၍ ပျဉ်ထောင်အိမ်၊ ဓနိမိုး၊ ပျဉ်ကာများဖြစ်ကြပြီး အချို့မှာ ဆိုင်ကယ်မပိုင်ဆိုင်သော အိမ်များလည်းရှိပါသည်။ ထိုအိမ်ထောင်စု များ၏ အဓိကစီးပွါးရေး လုပ်ငန်းများမှာ လက်သမားနှင့် ကျဘန်းနေ့စား လုပ်ငန်းများကို အသီးသီး လုပ်ကိုင်လျက်ရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၃ | ၁၀.၂၄ | မြေမဲ့ယာမဲ့ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၅၅ | ၄၃.၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၃၅ | ၂၇.၅၆ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၂၁ | ၁၆.၅၄ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၃ | ၂.၃၆ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၂၇ | ၁၀၀ | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ကျွန်ုပ်တို့ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အသင့်အတင့်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် မြေယာမပိုင်ဆိုင်ကြသော်လည်း ကျဘန်းလုပ်ကိုင်ခြင်းနှင့် အများစုက ပန်းရံလုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။ (၂.၅)ဧကအောက်ရှိသော အိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး ခြံမြေများတွင် တစ်ပိုင်တစ်နိုင်ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။ (၂.၅)ဧကမှ (၅)ဧကအထိပိုင်ဆိုင်သူများမှာ အလယ်အလတ်ရှိပြီး ထိုသူများသည် လယ်ယာ မြေများကို လုပ်ကိုင်ကြပြီး အချို့က ကိုယ်ပိုင်ဥယျာဉ်နှင့် ဥယျာဉ်လုပ်ငန်းကို လုပ်ကိုင်နေကြပါသည်။ (၅)ဧကမှ (၁၂.၅)ဧကအကြားရှိသော အိမ်ထောင်စုများသည် လယ်ယာ လုပ်ငန်း လုပ်ကိုင်ကြပြီး ဥယျာဉ်ခြံထဲတွင် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ (၁၂.၅) ဧကအထက်ရှိ ပိုင်ဆိုင်သူများမှာ အလွန်နည်းပါသည်။ ယခင်က မြေယာသာပိုင်ဆိုင်ကြပြီး ငွေကြေးအဆင်ပြေမှုနည်းသောကြောင့် ရာသီပေါ်သီးနှံများကို အနည်းအကျဉ်းသာ စိုက်ပျိုးကြ၍ ထိုဥယျာဉ်ခြံထဲတွင် နှစ်ရှည်သစ်ပင်များသာ အများဆုံးရှိပါသည်။ ယခုအချိန်တွင် မြစိမ်းရောင် စီမံကိန်းမှ စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေများစိုက်ထုတ်ပေးထားသောကြောင့် ရာသီပေါ် သီးနှံများကို အများအပြားစိုက်ပျိုးလာနိုင်ကြပြီး စားဝတ်နေရေးအတွက် အတော်အဆင်ပြေ လာကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁၈၃ | တင်း | ၃၀ | ၆၀ | ၅၀ | သင့် (မြေဆီလွှာဩဇာမကောင်း၊ ရေချောင်းတိမ်ကော၊ ရေကြီးရေလျှံ၊ မျိုးကောင်းမျိုးသန့် ရရှိမှုနည်း) |
| | | | | | | |
| | | | | | | |
| | | | | | | |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာအနေဖြင့် တစ်ရွာလုံး၏အဓိကသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးကို (၁)ရာသီသာ စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ (၁)ဧကလျှင် အနည်းဆုံး(၃၀)တင်းမှ အများဆုံး (၆၀)တင်းလောက် ရရှိကြပါသည်။ကျွန်ုပ်တို့ကျေးရွာရှိ လယ်သမားအများစုသည် နှစ်စဉ်ရေကြီးရေလျှံမှုများ ရှိသောကြောင့် စပါးများ အောင်မြင်ဖြစ်ထွန်းမှု နည်းပါးခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမီမှုနည်းပါးခြင်း၊ ဓါတ်မြေဩဇာများကိုလည်း စနစ်တကျမသုံးစွဲတတ်ခြင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အသိပညာများ အားနည်းကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ချောင်းများကိုတူးဖော်လိုက်ပါက ရေကြီးသည့် ဒုက္ခများ ကင်းဝေး သွားပြီး လယ်သမားများသည်လည်း စိတ်ချမ်းသာစွာဖြင့် အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။ မိုးရာသီတွင် ရာသီပေါ်သီးနှံများကို တောင်ယာမြေများပေါ်တွင် အနည်းငယ် စိုက်ပျိုးကြပြီး ပွင့်လင်းရာသီတွင် အများစုက လယ်မြေများနှင့် ဥယျာဉ်ခြံမြေများပေါ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၂၄ | ၆၉ |
| **နို့စားနွား** | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၀ | ၃၉ |
| ကြက် | ၅၃ | ၇၅၂ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဝက်သားကင်ကျေးရွာတွင်မွေးမြူရေးနှင့် ပတ်သက်ပြီး တိရစ္ဆာန်များမှာ နိုင်းနွား၊ကြက်၊ဝက်များကိုသာ မွေးမြူကြပါသည်။ နို့စားနွား၊ကျွဲ၊မြင်း၊မြည်း၊ လား၊ဆိတ်၊သိုး၊ ဘဲ၊ နွားနောက်များ မွေးမြူခြင်းမရှိပါ။ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးကြက်များ မွေးမြူခြင်းမရှိပါ။ သဘာဝအိမ်မွေးကြက်များကို အိမ်ခြံဝင်းများထဲတွင် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ တစ်အိမ်လျှင် အနည်းဆုံးကြက်(၅)ကောင်၊(၇)ကောင်မွေးမြူကြပြီး အများဆုံးကြက်(၅၀)ကောင် လောက်မွေးမြူကြကြောင်းနှင့် ရောင်းရငွေမှာ တစ်ကောင်လျှင် (၄၅၀၀)ကျပ်၊(၅၀၀၀)ကျပ် လောက်ရရှိကြောင်း လေ့လာသိရှိရပါသည်။ ထို့နောက် ဝက်များကိုမူ မြစိမ်းရောင်ချေးငွေဖြင့် အနည်းဆုံးချေးငွေ(၅)သိန်းဖြင့်ဝက်(၃)ကောင်၊(၄)ကောင်လောက်မွေးမြူကြပြီး အများဆုံးချေးငွေ (၁၀)သိန်းယူသူတို့သည် ဝက်(၁၅)ကောင်၊(၁၈)ကောင်လောက်ဖြင့် မွေးမြူကြပါသည်။ ဝက်သား ပေါက် တစ်ကောင်လျှင် (၇၅၀၀၀)ကျပ်လောက်ဖြင့် ဝယ်ယူမွေးမြူကြကာ (၁၀)လလောက်ကြာလျှင် ဝက်မကြီးမှ ဝက်သားပေါက်များ ပြန်လည်မွေးဖွားပြီး ထိုဝက်သားပေါက်ငယ်လေးများကို ပြန်လည် ရောင်းချကြပါသည်။ ယခုအချိန်တွင် ဝက်နာများကျသောကြောင့် ဝက်များသေဆုံးနေရကြောင်း သိရှိရပါသည်။ နွားများကိုလည်း မြစိမ်းရောင်ချေးငွေဖြင့် အနည်းဆုံး(၅)သိန်းဖြင့် နွား(၃) ကောင်၊ (၂)ကောင် နှင့် အများဆုံး (၁၀)သိန်းယူသူများသည် (၆)ကောင်(၇)ကောင်လောက် ဝယ်ယူ မွေးမြူ ကြပါသည်။ နွားများကို တစ်နှစ်လောက်မွေးမြူရပြီး နွားသားပေါက်ခိုင်းကာ နွားသားပေါက်များကို ရောင်းချပါသည်။ နွားမကြီးများကို ပြန်လည်မွေးမြူကြပြီး နွားနို့များကိုလည်း ပြန်လည် ရောင်းချ ရပါကြောင်း သိရှိရပါသည်။ ထို့နောက် ဝက်သားကင်ကျေးရွာသည် ပင်လယ်နှင့်ဝေးလံသောကြောင့် ငါးလုပ်ငန်းများမရှိပါ။ သို့ဖြစ်ပါ၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူနိုင်ရန်အတွက် မွေးမြူရေးဌာနမှ နည်းပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ဆောင်ရွက်ပေးရန် လိုအပ်နေ ပါကြောင်း လေ့လာသိရှိရပါသည်။**

### (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| | | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၅ | ၃ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၄ | - | ၁ | လတ် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၂ | - | ၂ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၃ | - | နိမ့် |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၂၀ | ၈ | ၅ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင်ပွင့်လင်းရာသီ၌ လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူများသည် အဓိကအားဖြင့် မိသားစုအလိုက် လုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ ထိုသူတို့၏ဝင်ငွေသည် ပွင့်လင်းရာသီတွင် အတော်အသင့်ဝင်ငွေရရှိကြပြီး တစ်ရွာလုံးနီးပါး မိုးရာသီကာလတွင် လယ်လုပ်ငန်းများလုပ်ဆောင်ကြသောကြောင့် ဝင်ငွေမှာ အနည်းငယ်သာရရှိကြပါသည်။ အမျိုးသမီးအပ်ချုပ်စက်လုပ်ငန်းကို အိမ်တွင် တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေကြသူ(၄)ဦးခန့်လောက် ရှိပါသည်။ မိသားစုမှ ဝင်ရောက်ကူညီပေးနေကြသူများလည်း ရှိပါသည်။ ပွင့်လင်းရာသီတွင် အများဆုံးချုပ်နေရပြီး တစ်စုံလျှင် အနည်းဆုံး (၅၀၀၀)ကျပ်နှင့် အများဆုံး (၁၅၀၀၀)ကျပ်လောက်ရရှိကြောင်းသိရှိရပါသည်။ မိုးရာသီတွင် ပုံမှန်လောက်သာ ချုပ်ရသောကြောင့် ဝင်ငေမှာ အနည်းငယ်သာရရှိပါသည်။ ကျေးရွာအတွင်းတွင် ရာသီပေါ်သီးနှံများကို ဝယ်ယူ၍ ရေဖြူဈေးနှင့် ကဒက်ကြီးဈေးတို့တွင် ပြန်လည်ရောင်းချကာ အသက်မွေးဝမ်းကျောင်း ပြုနေရပါသည်။ အများစုမှာ မြစိမ်းရောင်ချေးငွေဖြင့် ကုန်စုံဆိုင်လုပ်ငန်းများနှင့် ရာသီပေါ်သီးနှံများကို ဝယ်ယူရောင်းချနေသူ**

များလည်း ရှိပါသည်။ ထိုသူများ၏ ဝင်ငွေရရှိမှုမှာ ဝမ်းစာဖြေရှင်းရုံလောက်သာရရှိကြပြီး အနည်းငယ်သာစုမိကြောင်း ပြောကြားပါသည်။ ကျေးရွာအတွင်းတွင် ပညာရေးဆရာမ(၂)ဦးနှင့် အထွေထွေလုပ်သား (၁)ဦး စုစုပေါင်း (၃)ဦးရှိပါသည်။ ထို ဆရာမတို့သည် ဝင်ငွေတစ်ခုတည်းကိုသာ မှီခိုနေ ရပြီး မိသားစုစားဝတ်နေရေးဖြေရှင်းနေရသောကြောင့် အနည်းငယ်သာ စုမိကြသည်ဟု ဆိုပါသည်။ မြို့များနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းသောကြောင့် သီးသန့်ပို့ဆောင်ရေး လုပ်ငန်း နှင့် သိုလှောင်ရုံများမရှိပါ။ အများစုက အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူသောကြောင့် မြို့များနှင့် အနီးအနားရှိ ဈေးများတွင် သီးသန့် မရောင်းချကြရပါ။ ကျန်းမာရေးလုပ်ကိုင်နေသူ၊ လူမှုရေးလုပ်ကိုင်နေသူများနှင့် အခြားကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်များမရှိပါ။ ကျဘမ်းနေ့စား လုပ်ကိုင်သူများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | ကဒက်ကြီးကျေးရွာဈေး | ထားဝယ် (ကမ်းနားဈေး) |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ✓ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ✓ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင် ✓ စက်ဘီး ✓ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ✓ ရထား ☐ သုံးဘီးဆိုင်ကယ် ✓ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေမှာ အနီးဆုံးဈေးသို့ (၁)မိုင်နီးပါးလောက်ဝေးသော ကဒက်ကြီးကျေးရွာဈေးကို သွားကြပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်တို့ကိုသာ အဓိကထားပြီး သွားပါသည်။ နွေရာသီတွင် သွားရေးလာရေး အဆင်ပြေပြီး မိုးရာသီတွင်မူ လမ်းပေါ်ရေကြီးမှုများ ရှိသောကြောင့် အနည်းငယ်အဆင်မပြေမှုများ ရှိပါသည်။ထိုဈေးတွင် ကုန်စည်အမျိုးအစား ကောင်းမွန်ပါသော်လည်း ဝန်ဆောင်မှုမှာတော့ အသင့်အတင့်ရှိပါသည်။ ထိုကဒက်ကြီး ဈေးတွင် ကုန်စည်မျိုးစုံမရရှိသော်လည်း ဒေသထွက်သီးနှံများနှင့် အခြားပစ္စည်းများကို အတော်အသင့် ရရှိပြီး ဈေးနှုန်းများလည်း အတော်အဆင်ပြေသော ဈေးလည်းဖြစ်ပါသည်။ ထို့ကြောင့် ရောင်းသူများနှင့်

ဝယ်သူတို့အတွက် အခြားဈေးသို့ သွားစရာမလိုအောင် အဆင်ပြေမှုများပါသည်။ အကြီးဆုံးဈေးကွက်ဖြစ်သော ထားဝယ်ကမ်းနားဈေးသို့ (၂၃)မိုင်ခန့်လောက်သွားရပါသည်။ သယ်ယူ ပို့ဆောင်ရေး နည်းလမ်းမှာ အများဆုံးကား၊ သုံးဘီးဆိုင်ကယ်တို့ကိုသာ အသုံးပြု၍ သွားလာ နေကြပါသည်။ အနီးဆုံးဈေးကွက်တွင် ကုန်စည်မျိုးစုံမရနိုင်သော်လည်း ဒေသထွက်ဟင်းသီးဟင်းရွက်များကို ရရှိနိုင်ပြီး အကြီးစားဈေးကွက်တွင် ကုန်စည်မျိုးစုံရရှိ၍ ဈေးနှုန်းလည်း သက်သာမှုရှိပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✓၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ | ၀–၁ မိုင်✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁✓၂☐၃☐ ၄☐၅☐ | ကောင်း☐သ<br>င့်✓<br>ညံ့☐ | ပွင့်လင်း<br>ရာသီ☐တစ်နှစ်ပ<br>တ်လုံး✓ | ၀–၁ မိုင်✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေမှာ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းတို့သာရှိပါသည်။ ချဉ်းကပ်လမ်းမရှိပါ။ ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ကြသည်။ လမ်း၏အခြေအနေမှာ ပွင့်လင်းရာသီတွင် သွားလာရ အဆင်ပြေပြီးမိုးရာသီတွင် လမ်းရေကျော်ခြင်းတို့ကြောင့် လမ်းများပျက်စီးကာ သွားရေးလာရေး အတွက် အခက်အခဲရှိပါသည်။ ထို့ကြောင့် မြေသားလမ်းအား မြေနိမ့်ပိုင်းတို့တွင် မြေဖို့တင်ပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လိုက်လျှင် ကျေးရွာသူ/သားများနှင့် ကျောင်းသား/ သူများ အချိန်မရွေး သွားရေးလာရေးအဆင်ပြေလာမည်ဖြစ်ပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | ညံ့ ☐ | ၅နှစ် အထက်☐ | |
| ကွန်ကရစ် တံတား | (၁၃'×၁၂'×၆')<br>(၁၈'×၁၅'×၂၀') | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ✓<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | (၁၄'×၇'×၃')<br>(၁၃'×၄'×၃')<br>(၂၄'×၄'×၃') | ကောင်း ✓<br>သင့် ☐<br>ညံ့ ✓ | ၆လမှ ၁နှစ် ✓<br>၂နှစ်မှ ၅နှစ် ✓<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး✓ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် ကွန်ကရစ်တံတားနှင့် ရေပြွန်သာရှိပါသည်။ ဆိပ်ခံတံတား၊သစ်သားတံတား၊ ကြိုးတံတား၊ဝါးတံတား၊ ရေကျော်တံတားတို့မရှိပါ။ ရွာအရှေ့ဘက် အဝင်လမ်းတွင် တံတား(၃)စင်းရှိပါသည်။ ကွန်ကရစ်တံတား(၁၃×၁၂×၆)ပေနှင့် ရေပြွန်(၂)စင်း (၁၄×၇×၃)ပေ၊ (၁၃×၄×၃)ပေတို့ဖြစ်ပါသည်။ ကွန်ကရစ်တံတားနှင့် ရေပြွန်တစ်စင်း ၏အရည် အသွေး မှာ ကောင်းပါသည်။ သို့သော် ကျန်ရေပြွန်(၁)စင်း၏အရည်အသွေးမှာ အလွန်ညံ့ နေသော ကြောင့် ကျေးရွာမှ အမြဲတမ်းပြန်လည်ပြုပြင်ပြီး သုံးစွဲနေရသဖြင့် ထိုရေပြွန်အား ပြန်လည် တည်ဆောက်ရန် လိုအပ်နေပါသည်။ ရွာအနောက်ဘက်ထွက်လမ်းတွင် တံတား(၂)စင်းရှိပါသည်။ ရေပြွန်(၂၄×၄×၃)ပေ(၁)စင်းနှင့် ကွန်ကရစ်တံတား(၁၈×၁၅×၂၀)ပေ (၁)စင်းတို့ဖြစ်ပါသည်။ ရေပြွန်(၁)စင်း၏အရည်အသွေးမှာ အလွန်ညံ့နေပါသည်။ မိုးရာသီတွင် လမ်းပေါ်ရေကျော်သော ကြောင့် ထိုရေပြွန်ကို အမြန်တည်ဆောက်ရန် လိုအပ်နေပါသည်။ ထို့နောက် ကွန်ကရစ်တံတား (၁)စင်း၏အရည်အသွေးမှာ အလွန်ကောင်းပါသည်။ ၂၀၁၆-၂၀၁၇ခုနှစ်က နယ်စပ်ရေးရာဝန်ကြီး ဌာနမှ တည်ဆောက်ပေးထားကြောင်း သိရှိရပါသည်။**

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ ၂ ☐ ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာသည် ကုန်းပိုင်းဒေသတွင်ရှိပြီး ပင်လယ်နှင့်လည်း ဝေးကွာသောကြောင့် မြစ်ကြောင်း၊ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးများ မရှိပါ။**

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၆၇ | ၂၂၇ | - | ၉ | ၂ | - | - |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် ပင်လယ်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး မရှိသဖြင့် စက်လှေ၊ လှေ၊ သမ္ဗာန် ပို့ဆောင်မှုများမရှိပါ။ စက်ဘီးများမှာ (၆၇)စင်းရှိပြီး ကျောင်းသား/သူ များသာ အဓိက သွားရေးလာရေးအတွက် အသုံးပြုကြသည်။ မော်တော် ဆိုင်ကယ်မှာ (၂၂၇)စင်းရှိပြီး သွားရေးလာရေးကိစ္စ၊ စီးပွားရေးကိစ္စနှင့် လူမှုရေးကိစ္စ တို့တွင် အသုံးပြုကြပါသည်။ ထော်လာဂျီမှာ (၉)စင်းရှိပြီး စိုက်ပျိုးရေး(လယ်ယာ)ပြုလုပ်ရာတွင်လည်းကောင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ လူမှုရေးကိစ္စများဆောင်ရွက်ရာတွင်လည်းကောင်း အသုံးပြုကြပါသည်။ ကား(၂)စီးရှိပြီး ရွာနှင့် မြို့သယ်ယူပို့ဆောင်ရေးကို ထိုကားတို့က အဓိက ပို့ဆောင်ကြပါသည်။ လူမှုရေးကိစ္စများတွင်လည်း ကားများကို အသုံးပြုမှုများပါသည်။ မြင်းလှည်းနှင့် နွားလှည်း တို့မှာ မရှိတော့ပါဟု ပြောကြားချက်များအရ သိရှိရပါသည်။**

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | - |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| ဆိုလာစနစ် | ၁၇ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၉၇ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓါတ်အားလိုင်း မီးတိုင်များ၊ transformer (၁)လုံး ရောက်ရှိနေပြီး ကျေးရွာအတွင်းသို့ မီးမဖြန့်ဝေသေးပါ။ အသေးစားရေအားလျှပ်စစ်၊ လေစွမ်းအင်၊ ဇီဝလောင်စာအသုံးပြုခြင်းများ မရှိပါ။ အိမ်ထောင်စု အများစု ကကဒက်ကြီးကျေးရွာ ပုဂ္ဂလိကပိုင်မှညနေ(၅)နာရီမှ ည(၁၀)နာရီအထိနှင့် မနက်(၄)နာရီမှ (၆)နာရီအထိဖြန့်ဝေပေးနေသော ဒီဇယ်အင်ဂျင်ကိုသာ အဓိက အသုံးပြုနေကြပါသည်။ တစ်ယူနစ် နှုန်းပေးရငွေမှာ (၇၀၀)ကျပ်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်က (၂)သိန်းတန် ဆိုလာပြား(၄၀)ချပ်ကို ထောက်ပံ့ပေးပါသည်။ သို့သော် လည်း ယခုအချိန်တွင် ဆိုလာပြား (၁၇)အိမ်သာ ကျန်ရှိပြီး ကျန်ဆိုလာပြားများသည် ဘက်ထရီများ ပျက်စီးခြင်း၊ အင်ဗာတာများပျက်စီးခြင်းတို့ကြောင့် မီးမရရှိတော့ပါ။ ဆိုလာပျက်စီးသော အိမ်အနည်းစုက ဒီဇယ်အင်ဂျင်ကို အသုံးပြုကြပြီး ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများက ဖယောင်းတိုင်မီး၊ ဆီမီးခွက်တို့ကိုသာ အသုံးပြုနေကြရပါသည်။ ထို့ကြောင့် ကလေးများ အချိန်မရွေး စာကျက်နိုင်ရန်အတွက်နှင့် ကျေးရွာသူ/ကျေးရွာသားများ အချိန်ပြည့် လျှပ်စစ်မီးရရှိရန် မဟာ ဓါတ်အား လိုင်းကို အမြန်ဆုံးဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း လေ့လာသိရှိရပါသည်။**

## (၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၁၉၀ | ၂၉ | ၇၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၁၉၀)လုံး ရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ပါသည်။ ထို့ကြောင့် သတင်းအချက်အလက်များကို အချိန်မရွေး ကြည့်ရှုရပါသည်။ ရေဒီယို(၂၉)လုံးရှိပြီး လူကြီးများက လူငယ်များထက် ပို၍ နားထောင်လေ့ရှိကြသည်။ တီဗီ (၇၄)လုံးနှင့် စလောင်းအရေအတွက်မှာ (၇၁)လုံးခန့်ရှိပါသည်။ တီဗီထဲမှ သတင်းအချက်အလက်များကိုကြည့်ရှုရသောကြောင့် ဗဟုသုတ များစွာ ရရှိပြီး သတင်းစာ/ ဂျာနယ်/ စာစောင်များမှာ လက်လှမ်းမီမှု အနည်းငယ်ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၈ | ၃၂ | ၆၀ |
| အလယ်တန်း | ၁၃ | ၂၃ | ၃၆ |
| အထက်တန်း | ၄ | ၁၃ | ၁၇ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၃ | ၆ |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး အဆောက်အဦမှာ ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏ ယခုလက်ရှိ ကျောင်းတက် နှုန်းမှာ မူလတန်းကလေးပညာသင်ကြားနေသူဦးရေ ကျား(၂၈)ဦးနှင့်မ (၃၂)ဦးရှိပါသည်။ အလယ်တန်း ပညာရေးနှင့် အထက်တန်းပညာရေးအဆင့်ကိုမူ ကဒက်ကြီးကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းတွင် တက်ရောက်သင်ကြားကြပါသည်။ ယခုလက်ရှိ တက္ကသိုလ်တက် နေသူဦးရေမှာ ကျား(၃)ဦး၊ မ(၃)ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ✓<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓ | ခြေလျင် ☐<br>စက်ဘီး ☐ | ခြေလျင် ☐<br>စက်ဘီး ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ဆိုင်ကယ် ☐<br>ကား☐ | | | ဆိုင်ကယ် ☐<br>ကား ☐ | | | ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ**။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | (၁၈၀၀’)<br>(၁၃၄၄’) | | | | | | | | |
| **င**။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်✓ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ**။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်✓<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ**။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ✓သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ**။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်✓<br>တိုက်ကျွေးမှု မရှိပါ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဓ**။ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၆ | ၆ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

**ရင်းမြစ်** ... **(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် စာသင်ကျောင်းဆောင်သည် ကျေးရွာ အလယ်တွင် ရှိပါသဖြင့် ခြေလျင်၊ စက်ဘီးများဖြင့် သွားလာနေကြပါသည်။ စာသင်ကျောင်း အရွယ်အစားမှာ (၆၀’×၃၀’)နှင့် (၅၆’×၂၄’)ရှိသော ကျောင်းဆောင်(၂)ဆောင် ရှိပါသည်။ ကျေးရွာမှ ကျောင်းဆောင်အသစ်တည်ဆောက်ထားသော စာသင်ကျောင်းတွင် နံရံကို အချောသတ် ရန် လိုအပ်နေပြီး အမိုး၊ အခင်းတို့မှာ အဆင်ပြေပါသည်။ ကျန်ကျောင်းဟောင်းတွင် အမိုး၊နံရံ၊ အခင်းတို့မှာ အုတ်၊ အင်္ဂတေ၊ သွပ်တို့ဖြင့် တည်ဆောက်ထားပြီး အရည်အသွေးလည်း ကောင်း ပါသည်။ ကျောင်းသုံးပရိဘောဂများအလုံအလောက်ရှိပြီး ပိုလျှံနေသော စာသင်ခုံများလည်း ရှိပါသည်။စာသင်ကျောင်းထဲတွင် ရေတွင်းတူး၍မရသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ တည်ဆောက်ပေးထားသော ရေကန်မှ ရေပိုက်လိုင်းသွယ်တန်းပြီး ကျန်းမာသန့်ရှင်း သော သောက်သုံးရေကို သုံးစွဲနေကြပါသည်။ ကျောင်းအိမ်သာအခြေအနေမှာ ဆရာမများအတွက် (၁)လုံးတည်းရှိပြီး ကျောင်းသား/သူများအတွက် (၂)ခန်းတွဲအိမ်သာ (၁)လုံးရှိပြီး ကျား(၁)ခန်း နှင့်မ(၁)ခန်းမှ အသုံးပြုပြီး သန့်ရှင်းမှုလည်း ရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုမှာ နှစ်လလျှင်တစ်ကြိမ်နီးပါးလောက် ရှိပါသည်။ ကျောင်းဆရာမဝန်ထမ်းဦးရေမှာ(၅)ဦးနှင့် အထွေထွေ လုပ်သား(၁)ဦးရှိပါသည်။ ဝန်ထမ်းအားလုံးသည် အစိုးရခန့်များဖြစ်ပါသည်။**

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်✓ | မရှိ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐နိမ့်☐မရှိ✓ | | |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐နိမ့်☐မရှိ✓ | | |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ နိမ့်✓ | | မရှိ☐ |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာအတွင်းတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန် တုတ်ကွေး၊ ငှက်ဖျားတို့သည် ရာသီအလိုက် ဖြစ်ပွားတတ်ပြီးအသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ၊**HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ၊ အသည်းရောဂါ(ဘီ၊စီ)နှင့် အာဟာရချို့တဲ့မှုတို့မှာ မရှိပါ။**ရာသီအလိုက်မဟုတ်သော ရောဂါတို့မှာ သွေးတိုးရောဂါသည် အများဆုံးဖြစ်လေ့ဖြစ်ထရှိကြပြီး ဆီးချို၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများလည်း ဖြစ်ပွားနှုန်းအနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။**

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✓ |
| ၃ | ပိုလီယိုရောဂါ | | ✓ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း လွန်ခဲ့သော** (၁၂)**လအတွင်း ကာကွယ်ဆေးထိုးနှံမှုမှာ မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)၊ ဝက်သက်ရောဂါ၊ အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှု၊ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေး အစီအစဉ်များသာ ရှိပါသည်။ အဆုတ်ရောဂါ၊**ဆုံဆို့၊

ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါနှင့် ပိုလီယိုရောဂါများ လွန်ခဲ့သော(၁၂)လအတွင်း ဖြစ်ပွားမှုများ မရှိခဲ့ပါ။ ကိုယ်ဝန်ဆောင်ကာလအတွင်း မိခင်များအား မေးခိုင်ဆေး၊အားဆေး၊ သံဓါတ်အားဆေးများကို (၁)လတစ်ကြိမ် (သို့) (၃)လတစ်ကြိမ် ကျွေးပေးပါသည်။ ငှက်ဖျား ရောဂါများကိုလည်း အမြဲတမ်းစစ်ဆေးမှုများပြုလုပ်ပေးလေ့ရှိသောကြောင့် ဖြစ်ပွားမှု နည်းပါသည်။ ဖျားနာရောဂါများအတွက် ထိုးဆေး၊ စားဆေးနှင့် ဘီပိုး၊ စီပိုး၊ ဂျပန်ဦးနှောက်ရောင် ကာကွယ် ဆေးများကိုလည်း ကျေးရွာအတွင်း ကျွေးပေးလေ့ရှိပါသည်။ အခြား**ကာကွယ်ဆေးထိုးမှုနှင့် အာဟာရမှတ်တမ်းယူမှုတို့မှာ (၃)လတစ်ကြိမ် (၄)လတစ်ကြိမ် ပြုလုပ်ပေးလေ့ရှိပါသည်။ အာဟာရ ပညာပေးအစီအစဉ်ဟောပြောပွဲများလည်း ဆောင်ရွက်ပေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ✓<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✓<br>၁၀ မိုင်အထက်☐ | ရှိ ✓<br>မရှိ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာ၏ ကျန်းမာရေးအထောက်အပံ့နှင့် ကျန်းမာရေး ဝန်ဆောင်မှု အခြေအနေမှာဖျားနာရောဂါများအတွက် ကဒက်ကြီးကျေးရွာ သားဖွားဆရာမ တစ်ဦးထံတွင် သွားရောက်ပြသကြပါသည်။ ထို့နောက် အနည်းငယ် ပြင်းထန်လာလျှင် (၁)မိုင်နီးပါး လောက်ဝေးကွာသော ရေဖြူကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသကြပါသည်။ ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများလည်း လုံလောက်မှု ရှိပါသည်။ သို့သော် ဝက်သားကင်ကျေးရွာရှိ ရွာသူ/သားများသည် ရောဂါအခြေအနေပြင်းထန်လာလျှင် (၇)မိုင်လောက် ကွာဝေးသော လောင်းလုံးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ကျွန်ုပ်တို့ ကျေးရွာရှိ ရွာသူ/ရွာသားများသည် တိုက်နယ်ဆေးရုံနှင့် ဝေးသောကြောင့် သွားရောက်ပြသ**

လေ့မရှိကြပါ။ ထို့ကြောင့် ကျေးရွာအတွင်းတွင် ကျန်းမာရေး ကြီးကြပ်ဆရာမ(၁)ဦးလောက်ရှိလျှင် ညအချိန်မတော် ကျန်းမာရေးပြဿနာများ ရှိလာခဲ့လျှင် အခြားကျေးရွာသို့ မသွားရဘဲ ကျေးရွာအတွင်းတွင်သာ ကျန်းမာရေးစောက်ရှောက်မှု ရရှိသောကြောင့် အတော်အဆင်ပြေလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄.၁) သောက်သုံးရေရရှိမှု**

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၆၅ | ကောင်း✓ သင့်☐ ညံ့☐ | လုံလောက်မှုရှိ |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ဝက်သားကင်ကျေးရွာတွင် သောက်သုံးရေအဖြစ် ရေတွင်းကိုသာ အဓိကထား အသုံးပြုနေရပါသည်။ ရေအရည်အသွေးများလည်း ကောင်းပါသည်။ ရေတွင်းမရှိသော အိမ်ထောင်စုများမှာ (၂၉)အိမ် လောက်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် အိမ်နီးနားချင်းများ(သို့) ဆွေမျိုးအိမ်များတွင် သွားရောက်ခပ်ယူအသုံးပြုကြပါသည်။ သို့သော် နွေရာသီရောက်လျှင် ရေလုံလောက်မှုများ မရှိပါ။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေရရှိရေးအတွက် ရေကန်(၁)ကန်ကို ဘုန်းကြီးကျောင်း ခြံဝင်းအတွင်းတွင် တည်ဆောက် ပေးထားပါသည်။ ထိုရေကန်မှ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းမှ အဓိကထား အသုံးပြုနေကြပါသည်။ နွေရာသီရောက်မှသာလျှင် ကျေးရွာအတွင်းမှ ထိုရေကန်တွင် လာရောက်ခပ်ယူအသုံးပြုကြပါသည်။ သို့သော်လည်း ရေလုံလောက်မှုမရှိပါ။ တစ်နှစ်ပတ်လုံး တစ်ရွာလုံးနီးပါး ရေကိုလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနမှ စိမ့်စမ်းရေကို သွယ်တန်းပေးနိုင်လျှင် ကျေးရွာသောက်သုံးရေရရှိရေးအတွက် ပို၍ အဆင်ပြေလာမည်ဖြစ်ပါသည်။ အဝီစိတွင်း၊ မိုးရေ သိုလှောင်ကန်၊မြစ်ရေချောင်းရေ၊ ရေကန်၊ စိမ့်စမ်းရေ သုံးစွဲသူများ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၃) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၂၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၅ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် ကျန်းမာသန့်ရှင်းရေးအတွက် ယင်လုံအိမ်သာ သုံးစွဲနိုင်မှုမှာ ရွာ၏ ၉၀%ခန့်လောက်ရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုမှာ အနည်းငယ် သာရှိပါသည်။ ထိုအိမ်ထောင်စုများသည် ဆွေမျိုးမိဘအိမ်တို့တွင် အသုံးပြုကြပါသည်။ ရေဆွဲ အိမ်သာ သုံးစွဲသူများ မရှိသေးပါ။ တွင်း/ဇလားအိမ်သာ ၊ တွင်းမရှိအိမ်သာများ အသုံးပြုသူများ မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာသည် ကျန်းမာသန့်ရှင်းသော ကျေးရွာဖြစ်သည်ဟု လေ့လာ တွေ့ရှိရပါသည်။**

**(၈) ဘေးအန္တရာယ်များ**

**ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှေင် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး | နိမ့် |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| | ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် ထိခိုက်နိုင်သည့် သဘာဝဘေးအန္တရာယ် အခြေအနေများမှာ စားနပ်ရိက္ခာမဖူလုံမှုအနေဖြင့် အဆင်မပြေမှုများ အနည်းငယ်သာရှိပါကြောင်း တွေ့ရှိရပါသည်။ သဘာဝအရင်းအမြစ် မြေစိုက်ပျိုးရေးမှာစိုက်ပျိုးမြေများ တိုးချဲ့စိုက်ပျိုးရန် မြေနေရာရှိသော်လည်း ငွေကြေးမတတ်နိုင်ခြင်းကြောင့် အခက်အခဲအနည်းငယ်ရှိပါသည်။ ရေကြီးခြင်း တို့မှာ အရင်က ရေများကြီးများရှိသော်လည်း ယခုအချိန်တွင် မိုးတအားများလျှင်သာ မြေနိမ့်ပိုင်းတို့တွင် လမ်းပေါ်ရေကျော်ခြင်း၊ လယ်ယာမြေများအပေါ် ရေလွှမ်းမိုးခြင်းတို့ကြောင့် စပါးစိုက်ပျိုးသူတို့အတွက် အခက်အခဲအနည်းငယ်ရှိပါသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်နှင့် မီးဘေးတို့မှာ ဖြစ်ပွားမှုမရှိပါ။ ချောင်းတိမ်ကောခြင်းတို့ကြောင့် လယ်ယာမြေများထဲသို့ ဆားငန်ရေများဝင်ရောက်မှု ရှိပါသည်။ ထို့ကြောင့် ချောင်းများကို တူးဖော်ပေးရန် လိုအပ်နေပါသည်။ ယခုအချိန်တွင် တောင်ယာများကို ခုတ်ထွင် ရှင်းလင်းသောကြောင့် သစ်တောပြုန်းတီးမှုများ အနည်းငယ်ရှိပါသည်။ ထိုတောင်ယာထဲတွင် တစ်ချို့က တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများကို စိုက်ပျိုးကြပြီး တစ်ချို့က ရာဘာပင်များကို စိုက်ပျိုးကြပါသည်။ ငှက်ဖျားရောဂါ၊တီဘီရောဂါမှာ ဖြစ်ပွားမှု အနည်းငယ် သာရှိပါသည်။ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ပြည်တွင်းပဋိပက္ခနှင့် လူကုန်ကူးမှုများ မရှိပါ။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုများရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီကာလတွင် အနည်းငယ် အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | - |
| အပင်မျိုးစိတ်များ | နိမ့် | - |
| ရေအရင်းအမြစ် | နိမ့် | - |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာ၊ မြေယာပြုပြင်မှုများ အနည်းငယ်သာရှိခြင်း၊ ဆားငံရေဝင်ရောက်ခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးမှာနည်းပါးနေကြောင်း တွေ့ရသည်။ တောင်ယာများ ခုတ်ထွင် ရှင်းလင်းခြင်း တို့ကြောင့် အပင်မျိုးစိတ်များရရှိမှု နည်းပါးသွားသည်။ ရေအရင်းအမြစ်များအနေဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးနေရသောကြောင့် နွေစပါး

**စိုက်ပျိုးနိုင်ခြင်းများ မရှိပါ။ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းအတွင် မိုးရေနှင့် တွင်းရေကို အဓိကထား ၍ စိုက်ပျိုးနေကြရပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ငါးမျိုးကွဲများ၊ အခြား တိရစ္ဆာန်မျိုးကွဲများ အန္တရာယ်ရှိနိုင်မှု အခြေအနေမှာ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၆) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| *၁* | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*✓ |
| *၂* | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ*✓ | *မရှိ*☐ |
| *၃* | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | *ရှိ*☐ | *မရှိ*✓ |
| *၄* | **အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု** | *ရှိ*✓ | *မရှိ*☐ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ဝက်သားကင်ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင် တက်ကြွစွာပါဝင်မှုနှင့် ခေါင်းဆောင်မှုတို့တွင် မရှိကြောင်း တွေ့ရှိရပါသည်။သို့သော် ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော အဖွဲ့အစည်းများတွင် အမျိုးသမီးအများစုမှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုရှိကြောင်းနှင့် အမျိုးသားနှင့် အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းတွင် မိန်းကလေးများ/အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုနှင့် တိုင်ကြားမှုများ မရှိခဲ့ပါ။ သို့သော် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများကို ကျေးရွားစာသင်ကျောင်းတွင် ဟောပြောပွဲများ ပြုလုပ်ပေးမှု ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

နောက်ဆက်တွဲ (၃)

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်း၊ တံတား၊ လျှပ်စစ်၊** | | | | | |
| | • လမ်းမကောင်းခြင်း၊ မိုးရာသီတွင် ရေကြီးခြင်း၊ လမ်းချော်ခြင်း၊ လမ်းများ ပျက်စီးခြင်း | •မြေသားလမ်းဖြစ်နေခြင်း | • လမ်းတိုးချဲ့ဖောက်လုပ်ရန်အတွက် မြေလှူဒါန်းပေးနိုင်ခြင်း။ | • ငွေကြေးမတတ်နိုင်ခြင်း။ | • သက်ဆိုင်ရာကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနှင့် ချိတ်ဆက်ခြင်း။ | ▪ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း (၂၇၀၀ ' ×၁၂ ' ×၆") |
| | • ရေကျော်ခြင်း၊လမ်းများပျက်စီးခြင်း၊ရေမြောင်းမရှိခြင်း | •မြေသားလမ်းဖြစ်နေခြင်း<br>•လမ်းကျဉ်းမြောင်းခြင်း | | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာလမ်းကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင်းလမ်းသွယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၆၀၀ ' ×၁၂ ' ×၆") |
| | • မိုးရာသီတွင် လမ်းပေါ်ရေကျော်ခြင်း | •ရေမြောင်းမရှိခြင်း။ | | • ငွေကြေးမတတ်နိုင်ခြင်း | • သက်ဆိုင်ရာ ပညာရှင်များ ချိတ်ဆက်ကာ ရေပြွန်ဖောက်လုပ်ခြင်း။ | • ကျေးရွာတွင် Box Culvert (၂) စင်း တည်ဆောက်ရန်လိုအပ်ခြင်း |
| ၃ | **ပညာရေး** | | | | | |
| | • ကျွဲ၊နွား၊ခွေးစသည့် တိရစ္ဆာန်များ ကျောင်းဝင်းအတွင်းသို့ ဝင်ခြင်း၊ ကျောင်းသားများအတွက် စိုးရိမ်ရ | • ကျောင်းခြံစည်းရိုး ပျက်စီးနေခြင်း။ | • လုပ်အားဖြင့် ကူညီဆောင်ရွက်ပေးနိုင်ခြင်း | | • မိဘဆရာအသင်း ပူးပေါင်းကာ ကျောင်းခြံစည်းဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ခြင်း။ | ▪ ကျောင်းခြံစည်းရိုး ( ၄၃၈ ' ×၆ ' ) ကာရံခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | ခြင်း၊ ယာဉ်အန္တရာယ် စိုးရိမ်ရခြင်း | | • ကျောင်းသားမိဘများ အလှူငွေအနည်းငယ် ထည့်ဝင်နိုင်ခြင်း။ | | • မိဘဆရာအသင်းနှင့် ကျောင်းသားမိဘများ ဆွေးနွေးကာ ကျောင်းပြီးမြောက်ရေး အတွက် သက်ဆိုင်ရာ ပညာရေးဌာနတွင် အကူအညီတောင်းခံခြင်း | • ကျေးရွာစာသင်ကျောင်း တံခါးပေါက် တပ်ဆင်ခြင်း၊ အချောကိုင်ခြင်း၊ ဆေး သုတ်ခြင်းလုပ်ငန်း (၆၀'×၄၀') |
| | • အဆောက်အဦးပြီး မြောက်အောင်မဆောင် ရွက်နိုင်ခြင်း၊ လုံခြုံမှုမရှိခြင်း | • ဘတ်ဂျက်လုံလောက်စွာ မရရှိခြင်း၊ ကျေးရွာမှ ငွေကြေးအင်အား လိုအပ်သလောက် မထည့်ဝင်နိုင်ခြင်း | | | | |
| ၄ | **စိုက်ပျိုးရေး** | | | | | |
| | • ရေကြီးခြင်း၊ ရေငန် ဝင်ခြင်း၊ စပါးပင်များစိုက်ပျိုးမ ရခြင်း | • ချောင်းများတိမ်ကောခြင်း | | • ငွေကြေးမပြည့်စုံခြင်း | • သက်ဆိုင်ရာဆည်မြောင်း ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ▪ ချောင်းများ၊ မြောင်းများတူးဖော် ရန်လိုအပ်ခြင်း |
| ၅ | **လူငယ်နှင့်အားကစား** | | | | | |
| | • အလုပ်အကိုင်အခွင့်အ လမ်းနည်းပါးခြင်း | •သက်မွေးဝမ်းကျောင်း ပညာရပ် တက်မြောက်မှု မရှိခြင်း | • ကျေးရွာရှိလူငယ်များ တက်ရောက်သင်ကြား ရန် ဆန္ဒရှိခြင်း | • ငွေကြေးမပြည့်စုံခြင်း<br>• ဗဟုသုတနည်းပါး ခြင်း | • သက်ဆိုင်ရာ ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေး သင်တန်းများလိုအပ်ခြင်း ( ကွန်ပျူတာ၊ ဆိုင်ကယ်ပြင်) |

**နောက်ဆက်တွဲ(၄)**

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ - ဝက်သားကင်

ကျေးရွာအုပ်စု - ကဒက်ကြီး

မြို့နယ် - လောင်းလုံး

တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

---

စီမံချက်အမည် - ကျေးရွာတွင်းလမ်းသွယ်ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း (၆၀၀ ' ×၁၂ ' ×၆'')

---

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ယခုလက်ရှိ ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပါသည်။
- နွေရာသီကာလတွင် အနည်းငယ်သာ သွားလာရအဆင်ပြေသည်။
- မိုးရာသီကာလသို့ ရောက်လျှင် ရေတိုက်စား၍ လမ်းများပျက်စီးခြင်း၊ မြေကျွံခြင်းများဖြစ်သော ကြောင့် သွားရေးလာရေးခက်ခဲနေပါသည်။
- အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများသည်လည်း ကျောင်းသို့ ရေများစိုရွှဲပြီး သွားနေရသောကြောင့် ပညာသင်ကြားရာတွင်လည်း စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။
- ကျေးရွာအတွင်း ရေမြောင်းများမရှိ၍ မိုးရာသီတွင် လမ်းရေကျော်ခြင်း၊ အမှိုက်များ စုပုံခြင်းများ ဖြစ်နေပါသည်။
- စီးပွားရေး၊လူမှုရေးကိစ္စအဝဝဆောင်ရွက်ရာတွင် ရာသီအချိန်မရွေး ဆောင်ရွက်နိုင်မှုမရှိခြင်းများ ဖြစ်နေပါသည်။

---

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာရှိ ရွာသူ/သားများ လူနေမှုအဆင့်တန်းမြင့်စွာ သွားလာနိုင်ရန်။
- ရာသီအချိန်မရွေး သွားလာနိုင်ရန်။
- ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ စာများကို လေ့လာသင်ကြားနိုင်ရန်။
- ကျေးလက်လူမှုစီးပွါးဘဝ မြင့်မားတိုးတက်လာစေရန်။
- စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရန်။

---

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်လိုက်လျှင် လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်။
- မိုးရာသီတွင် သွားရေးလာရေး လွယ်ကူချောမွေ့လာမည်။
- ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။
- စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး စသည့် တို့ဆောင်ရွက်ရာတွင်လည်း အချိန်မရွေး ဆောင်ရွက်နိုင်သောကြောင့် အချိန်ကုန်သက်သာခြင်း၊ ကျောင်းသား/သူများလည်း စိတ်အနှောင့်အယှက်ကင်းဝေးပြီး စာလုပ်နိုင်သောကြောင့် အနာဂတ်တွင် ထူးချွန်ထက်မြက်သော ကျောင်းသားကလေးများ ဖြစ်လာနိုင်ပါသည်။

| |
|---|
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• ကျေးရွာတွင်းလမ်းသွယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၆၀၀'×၁၂'×၆'') အတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။ |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၄၉၃ | ၅၃၁ | ၁၀၂၄ | ၂၀ | ၇၂ | ၈၈ | ၂၂ | ၂၀၂ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၈ ခုနှစ်၊ဒီဇင်ဘာလ( စတုတ္ထပတ်) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ခုနှစ်၊ မတ်လ(စတုတ္ထပတ်) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်းလမ်းသွယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျေးရွာမှ လုပ်အား တတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• ကျေးရွာတွင်းလမ်းသွယ်ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအားရေရှည်ကောင်းမွန် ခိုင်ခံ့ စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာ သူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | |
|---|---|
| ကျေးရွာ | - ဝက်သားကင် |
| ကျေးရွာအုပ်စု | - ကဒက်ကြီး |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

စီမံချက်အမည် - ကျောင်းခြံစည်းရိုးကာရံခြင်း ( ၄၃၈×၆ )ပေ

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ယခုလက်ရှိတွင် ကျောင်းခြံစည်းရိုးပတ်လည်သည် (၅၀၂)ပေရှိပြီး အရှေ့မျက်နှာ (၆၄)ပေ အား အုတ်တံတိုင်းဖြင့် ကာရံထားပါသည်။
- ကျန်သုံးမျက်နှာတွင်မူ (၄၃၈)ပေကျန်ရှိပြီး ကာရံထားသည်မှာ အလွန်ကြာပြီဖြစ်သောကြောင့် သစ်တိုင်များဆွေးမြည့်နေပြီး သံဇကာများလည်း ပျက်စီးနေပါသည်။
- နွားများ၊ ခွေးများနှင့် အခြားတိရစ္ဆာန်များလည်း ကျောင်းဝင်းထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်သောကြောင့် ကျောင်းသား/သူ ကလေးငယ်များအတွက် စိုးရိမ်နေရပါသည်။
- ကျောင်းအင်္ဂါရပ်နှင့်လည်း မညီညွတ်ပါ။
- စာသင်ကျောင်းသည် ကျေးရွာလမ်းမပေါ်တွင်ရှိသောကြောင့် ယာဉ်အန္တရာယ်လည်း စိုးရိမ်နေရပါ သည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျောင်းအင်္ဂါနှင့် ပြည့်စုံစေရန်
- ကျောင်းသား/သူများလုံခြုံမှုရရှိစေရန်
- ကျောင်းသား/သူများ ဘေးအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်စေရန်
- ကျေးရွာသာယာလှပဖွံ့ဖြိုးလာစေရန်
- ကျောင်းသား/သူကလေးများ ကျောင်းတက်မှန်ကာ စာများကိုသေသေချာချာလေ့လာမှတ်သားနိုင်ပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်သော ကျောင်းသား/သူဖြစ်လာစေရန်

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျောင်းခြံစည်းရိုးကာရံပေးခြင်းဖြင့် ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်လာပြီး ကျေးရွာသည်လည်း သာယာလှပလာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်။
- တိရစ္ဆာန်အန္တရာယ်မှလည်း ကင်းဝေးလာမည်။
- ကျောင်းသား/သူများ လုံခြုံမှုရှိစွာ ကစားလာနိုင်မည်။
- ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်သည့်အတွက် အနာဂတ်တွင် ထူးချွန်ထက်မြက်သော ကြယ်ပွင့်ကလေးများဖြစ်လာမည်။

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• ကျောင်းခြံစည်းရိုးကာရံခြင်း(၄၃၈×၆)ပေအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀)ကျပ် ဖြစ်ပါသည်။ | |
|---|---|
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၃၁၉ | ၃၆၇ | ၆၈၆ | ၃၀ | ၆၀ | ၂၇ | ၁၀ | ၁၂၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၈ | ၃၂ | ၆၀ | ၁၅ | ၁၉ | ၁၂ | ၇ | ၅၃ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၉ခု အောက်တိုဘာလ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀ခု စက်တင်ဘာလ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းတွင် ကျေးရွာမှ လုပ်အား တတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာတာဝန်ခံ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ကျေးရွာလူထုအား ရှင်းလင်းပွဲ လုပ်ဆောင်ပါမည်။<br>• ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း ရေရှည်ကောင်းမွန် ခိုင်ခံ့ စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာ သူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| |
|---|
| ကျေးရွာ - ဝက်သားကင်<br>ကျေးရွာအုပ်စု - ကဒက်ကြီး<br>မြို့နယ် - လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ |
| စီမံချက်အမည် - ကျေးရွာအတွင်း Box Culvert (၂)စင်း ပြန်လည်တည်ဆောက်ရန်လိုအပ်ခြင်း |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• လက်ရှိ ရေပြွန်အခြေအနေသည် (၁၄×၇×၃)ပေနှင့် (၁၄×၃×၃)ပေ ရှိပြီး အရည်အသွေးမှာ အလွန်ညံ့နေပါသည်။<br>• မိုးရာသီကာလသို့ ရောက်လျှင်ကျေးရွာမှ ယာယီပြန်လည်ပြုပြင်မွမ်းမံ၍ သွားလာနေရသည်။<br>• ရေပြွန်များ တိမ်ကောသောကြောင့် လမ်းပေါ်ရေကျော်ပြီး သွားရေးလာရေးအတွက် အချိန်ကြန့်ကြာပါသည်။<br>• ရေပြွန်အတွင်းတွင်လည်း အမှိုက်များစုပုံနေပါသည်။<br>• ကျေးရွာအတွင်းရှိ ကျောင်းသား/သူကလေးငယ်များသည် မိုးရာသီတွင် ရေအိုင်များကို ဖြတ်ကျော်သွားလာနေရသဖြင့် အလွန်ကိုပင် အခက်တွေ့နေရပါသည်။ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• ကျေးရွာအတွင်းတွင် အရည်အသွေးပြည့်မီသော Box Culvert များ ရရှိရန်<br>• လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်<br>• ရာသီမရွေး သွားလာမှုလွယ်ကူစေရန်<br>• ကျောင်းသား/သူကလေးငယ်များ သွားရေးလာရေး ပိုမို အဆင်ပြေလာစေရန်<br>• ကျေးရွာနေပြည်သူများ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ပို့ဆောင်ရေးလုပ်ငန်း စသည့်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေလာရန် |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• ကျေးရွာအတွင်းတွင် တံတားအင်္ဂါရပ်များနှင့်ညီညွတ်လာမည်။<br>• ရေပြွန်အတွင်း အမှိုက်စုပုံခြင်းကင်းဝေးလာသောကြောင့် ကျေးရွာလည်း သာယာလှပလာမည်။<br>• လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်။<br>• ကျောင်းသား/သူများလည်း ကျောင်းသို့ အေးအေးဆေးဆေးသွားလာနိုင်မည်။<br>• ကျေးရွာသူ/သားများသည်လည်း စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကုန်စည်ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း စသည့်ကိစ္စရပ်များအတွက် အချိန်မရွေး သွားလာနိုင်မည်။ |

| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
|---|---|
| • ကျေးရွာတွင်း Box Culvert (၂)စင်း ပြန်လည်တည်ဆောက်ရန်လိုအပ်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၄၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၄၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၁၉ | ၃၆၇ | ၆၈၆ | ၃၀ | ၆၀ | ၂၇ | ၁၀ | ၁၂၇ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၁၉ | ၃၆၇ | ၆၈၆ | ၃၀ | ၆၀ | ၂၇ | ၁၀ | ၁၂၇ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၉ခုနှစ် အောက်တိုဘာလ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀ခုနှစ် စက်တင်ဘာလ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်း Box Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျေးရွာမှ လုပ်အား တတ်နိုင်သလောက် ကူညီဆောင် ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာတာဝန်ခံ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ကျေးရွာလူထုအား ရှင်းလင်းပွဲ လုပ်ဆောင်ပါမည်။<br>• ကျေးရွာတွင်း Box Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်း ရေရှည်ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာ သူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |